ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-12-2010) (၆၆၂၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းသည့် ပဲမျိုးကောင်းမျိုးသန့်များ တိုးတက်စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက် ပြည်တွင်းပြည်ပ ဈေးကွက်ခိုင်မာရေး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးရေးပညာရှင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများ၊ တိုင်းဒေသကြီးများရှိ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✳

နေပြည်တော်-မန္တလေး လမ်းပိုင်းတစ်နေရာတွင် လမ်းညွှန်ဆိုင်းဘုတ်နှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေးလမ်းပိုင်း ဖွင့်လှစ်

ရန်ကုန်မှ မန္တလေးသို့ ၇ နာရီခန့်ဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီ

သတင်းဆောင်းပါး
ရန်ကြီးအောင်
ဓာတ်ပုံ - အေးမင်း

(ယမန်နေ့မှအဆက်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၂)ဖြစ်သော နေပြည်တော်-မန္တလေးလမ်းပိုင်းကို ၂၉-၁၂-၂၀၁၀ ရက် (ယနေ့) ဖွင့်လှစ်လိုက်ပြီဖြစ်ရာ နေပြည်တော်-မန္တလေးလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး လမ်းကို တာဝန်ယူဖောက်လုပ်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများအား လုပ်ငန်းခွင်၌ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့မှုများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

အမြန်လမ်းမကြီး တည်ဆောက်ရေးစီမံကိန်း၏ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းပိုင်းတွင် တံတားများကို တာဝန်ယူတည်ဆောက်ခဲ့သူကား ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းမြင့်မွန်ဖြစ်သည်။ တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ၎င်းက "နေပြည်တော်လမ်းဆုံကနေ မန္တလေးအထိ တံတား ၄၇၂ စင်း တည်ဆောက်ခဲ့ရပါတယ်။ ရန်ကုန်-နေပြည်တော်လမ်းပိုင်းမှာတုန်းက တည်ဆောက်ခဲ့တာက ၈၂၄ စင်းပါ။ လမ်းမကြီးတစ်လျှောက်မှာ စုစုပေါင်း တံတား ၁၃၉၆ စင်း တည်ဆောက်ထားပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

နေပြည်တော်-မန္တလေးလမ်းပိုင်း၌ တည်ဆောက်ခဲ့သော တံတားများမှာ ပေ ၁၈၀ အထက် တံတား ၃၂ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အောက် တံတား ၇၈ စင်း၊ ပေ ၅၀ အောက်တံတား ၆၆ စင်း၊ လမ်းအောက်လျှို တံတား ၃၄ စင်းနှင့် ကွန်ကရစ်ရေပြွန်တံတား ၂၆၂ စင်း တို့ဖြစ်သည်။ ရန်ကုန်မှ မန္တလေးအထိ လမ်းတစ်လျှောက်တွင် ပေ ၁၈၀ အထက်တံတားကြီးပေါင်း ၇၂စင်းကို တည်ဆောက်ခဲ့သည်။ တံတားစုစုပေါင်း၏ ပေအရှည်မှာ ၂၄၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နေပြည်တော်-မန္တလေး လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

၂၉-၁၂-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

စေတနာရှင်များ၏ သန့်စင်သည့်သွေး ပေးလှူ

ဗဟိုအမျိုးသား သွေးလုပ်ငန်းကော်မတီ၏ (၃၄) ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပခဲ့သည်။ အဆိုပါ ဂုဏ်ပြုပွဲတွင် အကြိမ် (၁၀၀) အထက် သွေးလှူရှင် ၄၁ဦး၊ အကြိမ် (၁၀၀) သွေးလှူရှင် ရှစ်ဦးအပါအဝင် အနယ်နယ်အရပ်ရပ်ရှိ သွေးအလှူရှင် ၅၀၀ ကျော်တို့ကို ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆေးပညာကုသမှုကဏ္ဍတွင် မရှိမဖြစ်သောအရာမှာ သွေးနှင့်သွေးပစ္စည်းများဖြစ်သည်။ သွေးသည် လူ၏ အသက်ဖြစ်သည်။ သွေးလှူခြင်းသည် လူ၏အသက်ကို ကယ်တင်ခြင်းဖြစ်ရာ ကိုယ်တိုင်သွေးလှူခြင်းနှင့် စေတနာ သွေးလှူရှင်များ တိုးပွားများပြားလာစေရေး လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်နေခြင်းသည် ဇီဝိတဒါန မွန်မြတ်သော အလှူပြုနေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ သွေးသွင်းကုသခြင်းကို ၁၉၃၉ ခုနှစ်တွင် စတင်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဘဏ်တစ်ခု တည်ထောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အဆိုပါသွေးလှူဘဏ်ကို ဗဟိုအမျိုးသားသွေးလှူဘဏ်၊ ၂၀၀၃ခုနှစ်တွင် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေအရ အမျိုးသား သွေးဌာနဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။

သွေးသွင်းကုသရမည့် လူနာများအတွက် သွေးကိုအချိန်မီ လုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ သန့်စင်သည့်သွေးများ စုဆောင်းရရှိရန်လည်း အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သောရောဂါပိုး ကင်းစင်သူများ ဖြစ်ကြရမည် ဖြစ်သည်။

ယခုအခါ လူမှုရေးအသင်းအဖွဲ့အသီးသီး၊ ဌာနဆိုင်ရာနှင့် စေတနာ သွေးလှူရှင်များ၏ အားထုတ်မှုဖြင့် ပုံမှန်သွေးလှူဒါန်းမှုများ ပိုမိုများပြားလာနေပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက သွေးသွင်းကုသမှုများအတွက် အန္တရာယ်ကင်းသောသွေးများ ရရှိစေရန် သွေးမလှူမီ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ သွေးလှူစေသည်။ သွေးလှူရာတွင် ပိုးမွှားသန့်စင်ပြီးသောအပ်များ၊ ကိရိယာများကိုသာ သုံးစွဲသဖြင့် အန္တရာယ်ကင်းသည်။

သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားပြည့်လန်းဆန်းစေခြင်းဖြင့် ပီတိသုခခံစားနိုင်သည်။ ကျန်းမာသော ပုံမှန်သွေးလှူရှင်များ များပြားလာလျက်ရှိရာ သွေးလှူရှင်များ၏ ကျန်းမာရေးကို ဂရုပြုစစ်ဆေးစောင့်ရှောက်မှုပေးခြင်း၊ သွေးလှူရှင်များအားလုံးကလည်း အန္တရာယ်ကင်းသည့် လူနေမှုဓလေ့စရိုက်တွင် နေထိုင်ကြခြင်းဖြင့် မိမိတို့၏ ကျန်းမာသန့်စင်သော စေတနာသွေးဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာဒုံနှင့် သာကေတမြို့နယ်တို့ရှိဆေးရုံများ ဝန်ကြီး ဒေါက်တာကျော်မြင့် စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးလိုက်ပါလျက် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထူးကုဆေးရုံ (မင်္ဂလာဒုံ)သို့ သွားရောက်၍ အသစ်ဆောက်လုပ်ပြီးစီးလျက်ရှိသော ပြင်ပလူနာဌာနအတွင်းရှိ လူနာမှတ်ပုံတင်ဌာန၊ လူနာစမ်းသပ်ခန်း၊ လူနာနားနေခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ART ဌာနနှင့် နှစ်သိမ့်ဆွေးနွေးခန်းများ ဖွဲ့စည်းတည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါအထူးကုဆေးရုံ (မင်္ဂလာဒုံ)၏ ပြင်ပလူနာဌာန အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၁၀ ခုနှစ် ဧပြီမှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာတွင် ဆောက်လုပ်ပြီးစီးသဖြင့် မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် အထူးကုဆေးရုံ(မင်္ဂလာဒုံ)ရှိ လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့် မီးဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ် ဒေါက်တာသန်းလွင်က အသစ်ဆောက်လုပ်ပြီးစီးသော ပြင်ပလူနာဌာနနှင့် ဆေးရုံနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဆေးရုံအတွက် ထပ်မံလိုအပ်သော အဆောက်အအုံပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း၊ ဤဆေးရုံကို ပြည်သူအားကိုးသော ဆေးရုံဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ လူနာများအား နွေးထွေးစွာကြိုဆို၍ စေတနာထားပြုစုကုသမှုပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သာကေတမြို့နယ်ရှိ အထူးကုဆေးရုံ (သာကေတ)သို့ ရောက်ရှိပြီး ပြင်ပလူနာဌာန၊ ဓာတ်ခွဲခန်း၊ လူနာဆောင်များ၊ လူနာစောင့်များ နားနေဆောင်၊ ရေစင်ဆောက်လုပ်ပြီးစီးမှုနှင့် ဆေးရုံပြင်ဆင်ဆောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ဆေးရုံပြင်ဆင်ဆောက်လုပ်မှုနှင့် ဆေးရုံနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက မှာကြားရာတွင် ဤဆေးရုံသည် သာကေတမြို့နယ် အပါအဝင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှလူနာများအား ဆေးကုသပေးရမည့် ဆေးရုံဖြစ်ကြောင်းနှင့် ပြည်သူများအားကိုးသော ဆေးရုံဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က ဆေးရုံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီးဖြစ်သဖြင့် အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ ဆေးရုံအရည်အသွေး တိုးတက်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ လူနာများအားကုသမှုပေးရာတွင် စေတနာထား၍ ပြုစုကုသမှုပေးကြစေလိုကြောင်း၊ ပြည်သူများအားကိုးသော ဆေးရုံဖြစ်စေရေး အတွက် ဆရာဝန်၊ သူနာပြုနှင့် ဝန်ထမ်းများက တက်ညီလက်ညီ ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင်ငွေ ရွှေဘိုနှင့် ဝက်လက်မြို့ လမ်းဖွင့်ပွဲများ တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၂၈

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ ရတနာသီယံလမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် အဆိုပါကတ္တရာလမ်းဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ နယ်မြေခံတပ်နယ်မှ တပ်နယ်မှူး၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ရွှေဘိုခရိုင် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ရွှေဘိုခရိုင် ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတစ်ဦးတို့က လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်း တစ်လျှောက် ဖြတ်သန်း ကြည့်ရှုကြသည်။

အဆိုပါ ရတနာသီယံလမ်းသည် အရှည်ပေ ၂၅၀၀၊ အကျယ်၁၂ ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း၂၀၆ ဒသမ၂၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အလားတူ ရွှေဘိုခရိုင် ဝက်လက်မြို့ စက်မှုလယ်ယာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါလမ်း ဖွင့်ပွဲမုခ်ဦး၌ ကျင်းပခဲ့ကြောင်း၊ အဆိုပါ စက်မှုလယ်ယာလမ်းသည် အရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၅၀ ဒသမ ၄၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက်ရောက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ရွှေဘိုမြို့ ရတနာသီယံလမ်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးစဉ်။ (သတင်းစဉ်)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သုဝဏ္ဏဈေးအပြင်ဘက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် အမှိုက်သရိုက်များ ဆယ်ယူခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများမှ ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်း ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထက (၃) မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အထက(၃) မြောက်ဥက္ကလာပ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း မြကန်သာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၆ ခုနှစ်မှ ၁၉၉၀ ပညာသင်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးသိန်းညွန့် ဖုန်း-၀၁-၆၉၉၁၉၀၊ ဦးသန်းဝင်း ဖုန်း-၀၁-၆၉၁၂၅၁၊ ဦးဇော်သန့် ဖုန်း-၀၉-၅၁၅၁၄၆၆၊ ၀၆၇-၂၅၃၂၆၊ ဦးကျော်တင့် ဖုန်း-၀၉-၅၁၀၅၅၉၄နှင့် ဦးမြတ်သူ ဖုန်း-၀၁-၇၃၀၂၈၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးလုပ်ငန်း ဆက်ဆံမှုနည်းလမ်း လက်တွေ့အသုံးချသင်တန်း ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

WISE International School For Executives က စီးပွားရေး လုပ်ငန်း ဆက်ဆံမှုနည်းလမ်း လက်တွေ့အသုံးချသင်တန်း (Certificate in International Business Communication)ကို ဇန်နဝါရီ ၄ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ရာ Business Owner များ၊ Management Executives, Admin Manager, HR Manager, BDM, Marketing Manager, Project Manager နှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင့်ပြီး Workgroup Presentation များလုပ်ခြင်း၊ Group Discussion များ၊ Brain Storming Section စသည့် သင်တန်းသား အခြေပြုသင်ကြားမှု ပုံစံများဖြင့် အတွေ့အကြုံရှိ ဝါရင့်ဆရာမကြီးက အထူးသင်ကြား ဆွေးနွေးသွားမည် ဖြစ်သည်။

သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ကာ Member များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်းလျှော့၍ ခံစားခွင့်ပေးမည်။ သင်တန်းချိန်မှာ ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို WISE International School For Executives အခန်းအမှတ်(၁၀၀၉) ၁၀ ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးနိုင်သည်။ Member အသင်းဝင်လိုသူများလည်း ဆက်သွယ် စုံစမ်းနိုင်ကြောင်းနှင့် လစဉ် Management သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၆၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေ)နေ့တွင် ရန်ကုန်မြို့ သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအံ့ကျော်(ငြိမ်း) **(အပေါ်ပုံ)** က အဖွင့်အမှာစကားပြောကြားပြီး ဘိုးဘွား ၁၀၆ ဦးတို့အား ပူဇော်ပွဲ၊ အသင်းဥက္ကဋ္ဌမတည်လှူဒါန်းသည့် အဆင့်မြင့် ပညာသင်ဆုရန်ပုံငွေ ၅၅၅ သိန်း ထည့်ဝင်လှူဒါန်းကြသော အလှူရှင် ၁၁ ဦးတို့အား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရသူများအား ဆုချီးမြှင့်ပွဲတို့ကို ကျင်းပခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

* **ရှေ့ဖုံးမှ**

ရှေးဦးစွာ ဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းဆွေးနွေး ဆောင်ရွက်မှုဖြင့် ရှေ့ဆက်အောင်မြင်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ပဲမျိုးကောင်းမျိုးသန့်များ တိုးတက်စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင် ဝင်ရောက်ထိုးဖောက်နိုင်ရေးဆောင်ရွက်ရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်နှင့် ဈေးကွက်သတင်းအချက်အလက် စုံလင်စွာရရှိရေး၊ ပဲအထူးပြုကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းပြီး ပြည်တွင်း ပြည်ပ ဈေးကွက်ခိုင်မာစေရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းချမှတ်နိုင်ရေး ဆွေးနွေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က လက်ရှိ ပဲတင်ပို့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲအမျိုးအစားအလိုက် အစုအဖွဲ့များ၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များက ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Computer Networking with CCNA တန်းခွဲသစ်ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာ့ ICT ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေသော Networking Certificate တစ်ခုဖြစ်သည့် CCNA သင်တန်းတန်းခွဲသစ်ကို NetInfo နည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

Computer Networking ကို လေ့လာနေသူများအတွက် CCNA ကို မဖြစ်မနေရယူကြကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရှိကြောင်း၊ ခြောက်လအတွင်း Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်ကြောင်း စသည်တို့ကြောင့် မြန်မာလူငယ်များအတွင်း CCNA လက်မှတ်ကို နှစ်သက်ကြသည်။

NetInfo
Complete ICT Solution Provider

သင်တန်းတွင် လေ့ကျင့်ပေးသော သင်ထောက်ကူပစ္စည်းများမှာ နိုင်ငံတကာအဆင့်မီ Cisco Router 9 ခုနှင့် Cisco Switch 7 ခုအသုံးပြု၍ သင်ကြားပေးသဖြင့် ပြည်ပတွင် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်သည့် အတွေ့အကြုံများကို ရရှိစေမည်ဖြစ်သည်။ အမှန်တကယ် တတ်မြောက်နိုင်ရန် Cisco Lab အသုံးပြု လေ့ကျင့်ပေးသဖြင့် နိုင်ငံတကာအဆင့်မီ Computer Network ပညာရှင်ဖြစ်ရုံမက Cisco မှ ပေးအပ်သော Cisco Certified Network Associate Certificate စာမေးပွဲဖြေဆိုရန် အဆင်သင့်ဖြစ်မည်။ ယင်းသင်တန်းသည် ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ်ကျောင်းသားများ၊ IDCS, IAD တက်ရောက်ဆဲ၊ တက်ရောက်ပြီးသူများ၊ Networking ကို Professional အဖြစ် ရွေးချယ်ထားသူများ၊ ပြည်ပ၌ အလုပ်လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်နှစ်ရက် (စနေ၊ တနင်္ဂနွေနေ့)များ၌ တက်ရောက်သင်ကြားရမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၄) အခန်း(၂) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၀၇၀၄၅နှင့် ၆၅၂၂၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလက(၁၀) ထ(၂)ခွဲ မြောက်ဥက္ကလာပမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မအင်ကြင်းခင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြိတ်မြို့နယ်၌ မိုးစပါးစံကွက်များရိတ်သိမ်း

မြိတ် ဒီဇင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသိန်းလွင်၊ မြိတ်ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၃၀ရက်တွင် စံကွက်ရိတ်သိမ်းမှုများကို ကြည့်ရှုစစ်ဆေးသည်။ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ဧရိယာ ၆ ဒသမ သုည ဧကရှိ တောင်သူ ဦးဉာဏ်ထွန်း၏ လယ်မြေ၌ (ညှံ့အဆင့်အတန်း) ပေါ်ဆန်းမွှေးစပါးအား စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီးစပါး ၅၀ ဒသမ ၅၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အင်္ဂမော်ကျေးရွာအုပ်စု ဧရိယာ ၁ ဒသမ ၅၀ ဧကရှိ တောင်သူ ဦးကျော်မြင့် လယ်မြေတွင် ငွေတိုးစပါးမျိုး (ကောင်းအဆင့်အတန်း)အား စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီးစပါး ၉၂ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

တွံတေးမြို့နယ် (၉၀) ပြည့်နှစ် အမျိုးသားနေ့၌ အလယ်တန်းအဆင့် ကဗျာ မြို့နယ် ပထမဆု ရရှိသော အလက အလယ်ချောင်း ဆဋ္ဌမတန်းမှ မောင်ရဲထက် နိုင် အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်ဟန် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

အလက(၂) ရန်ကင်း (စိန့်ဇေးပီးယား) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

၁၉၆၇ ခုနှစ်မှ ၁၉၈၀ ခုနှစ်အတွင်း အလက(၂) (ရန်ကင်း)၌ ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများ၏ ပဥ္စမအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အလက(၂) (ရန်ကင်း) တေဇ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ထိုပူဇော်ပွဲသို့ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဒေါ်ရီရီသိန်း ဖုန်း- ၅၇၂၅၄၆ နှင့် ၇၃၁၁၂၅၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဖိုးရာဇာရပ်ကွက် ဗိုလ်ချုပ်လမ်းတောင်ပိုင်း ကတ္တရာထပ်ပိုးလွှာ ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦး၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်သိုက်ထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၁ ခုနှစ် ဇန်နဝါရီလပထမပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးအခြေအနေ

ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်သည်။

ညအပူချိန်

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် သိသိသာသာလျော့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် အနည်းငယ်လျော့နည်းနိုင်သည်။

မြူအခြေအနေ

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရှစ်ရက်မှ ၁၂ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၆၀ စင်တီမီတာ (နှစ်ပေခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့ နှင့် မုံရွာမြို့တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့်သူများသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ရက် (စနေနေ့)မှစတင်၍ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



မီးဘေးကာကွယ်ရေးလေ့ကျင့်

ဝါးခယ်မမြို့နယ် မြို့မဈေးကြီး မီးဘေးကာကွယ်ရေးအတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်မောင်ဝင်းနှင့် သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၁၂ ရက်က မီးဘေးဇာတ်တိုက် လေ့ကျင့်နေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၈၂)

ဂါဇာထိုးစစ်ပြီးဆုံးပြီး နှစ်နှစ်အကြာ အစ္စရေးနှင့် ဂါဇာကမ်းမြောင်နယ်စပ်၌ အခြေအနေတင်းမာ

ဂါဇာစီးတီး ဒီဇင်ဘာ ၂၈ - ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းများသည် ဂါဇာဒေသသို့ အစ္စရေးတပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်မှု နှစ်နှစ်ပြည့်အထိမ်းအမှတ်ကို ဒီဇင်ဘာ ၂၇ရက်က ကျင်းပခဲ့သည်နှင့် တစ်ချိန်တည်း ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးနိုင်ငံအကြား တင်းမာမှုများမြင့်တက်လျက်ရှိကာ စစ်ပွဲတစ်ရပ်ထပ်မံဖြစ်ပွားမည့် အခြေအနေသို့ ဦးတည်နေကြောင်း သတင်းများတွင်ဖော်ပြသည်။

ဂါဇာစီးတီးမြို့မြောက်ပိုင်း၌ ဟားမားစ်လှုပ်ရှားမှုအဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့သော အစ္စရေးစစ်ဘက်၏ ဂါဇာထိုးစစ်စတင်သည့် အထိမ်းအမှတ်ပွဲသို့ ပါလက်စတိုင်း ၁၀၀၀ခန့် လာရောက်ခဲ့ကြပြီး အစ္စရေးနိုင်ငံကို ဆန့်ကျင်ခုခံရေးတေးသံများ သံပြိုင်ဟစ်ကြွေးခဲ့ကြသည်။

ဟားမားစ်လှုပ်ရှားမှုအဖွဲ့မှ စစ်ရေးခေါင်းဆောင်များသည် ဒီဇင်ဘာ ၂၆ ရက်က ညီလာခံတစ်ရပ်ကျင်းပခဲ့ပြီး စစ်ပွဲတစ်ရပ်ထပ်မံဆင်နွှဲရန် ဟားမားစ်အဖွဲ့အနေဖြင့် အဆင်သင့်ရှိကြောင်း ကြေညာခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်က ဂါဇာကမ်းမြောင်ဒေသ၌ အခြေအနေများ ပိုမိုဆိုးရွားလာမည့်အနေအထားကို ခွင့်ပြုမည်မဟုတ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်က ပြောကြားသည်။

အလားတူ အစ္စရေးတပ်ဖွဲ့များ၏ အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ဂါဘီအက်ရှ်ကင်နာဇီကလည်း အစ္စရေးတပ်ဖွဲ့များအနေဖြင့် လိုအပ်လျှင်မည်သည့်ထိပ်တိုက်တွေ့ဆုံမှုမျိုးကိုမဆို ရင်ဆိုင်ရန်အသင့်ရှိကြောင်းပြောကြားသည်။

အစ္စရေးနိုင်ငံကို ဂါဇာကမ်းမြောင်ဒေသမှ မော်တာများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့၍ လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်က ဂါဇာဒေသ၌ ထိုးစစ်တစ်ရပ်ဆင်နွှဲခဲ့ပြီး မကြာမီ ဟားမားစ်အုပ်စုက ဂါဇာစစ်ပွဲစတင်သည့် အထိမ်းအမှတ်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဟားမားစ်အုပ်စုနှင့် အစ္စရေးတို့သည် အပြန်အလှန် စစ်ခေါ်သံများ ပေးနေသော်လည်း စစ်ပွဲသစ်တစ်ရပ်ဆင်နွှဲရန် အမှန်တကယ်ဆန္ဒမရှိကြောင်း လက်ရှိအခြေအနေနှင့် ပတ်သက်၍ အကဲခတ်လေ့လာသူများက သုံးသပ်သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ခဲ့သော အစ္စရေးစစ်ဘက်၏ ဂါဇာထိုးစစ်ကြောင့် အရပ်သားအများစုပါဝင်သော ပါလက်စတိုင်း ၁၄၀၀ သေဆုံးခဲ့ရပြီး အစ္စရေးဘက်မှ တပ်ဖွဲ့ဝင် ၁၀ဦးအပါအဝင် ၁၃ဦးသေဆုံးခဲ့သည်။ ဂါဇာစစ်ပွဲသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့သည်။ **အေအက်ဖ်ပီ။**

ဟားမားစ် ညီလာခံ ကျင်းပရာသို့ ရောက်ရှိလာသော ဟားမားစ် အုပ်စုဝင် လက်နက်ကိုင်များကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

အစ္စရေးနိုင်ငံ၌ ခရီးသည်တင်ရထားပေါ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

အစ္စရေး၌ ခရီးသည်တင်ရထား မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များအား ဒီဇင်ဘာ ၂၈ ရက်က တွေ့ရစဉ်။

တဲလ်အဗစ် ဒီဇင်ဘာ ၂၈ - အစ္စရေးနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ဆက်သွယ်သော ရထားလမ်းပေါ်၌ ဒီဇင်ဘာ ၂၈ ရက်က ခရီးသည်တင်ရထားတစ်စင်းပေါ်တွင် မီးလောင်မှုဖြစ်ပွားရာ လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၁၀၇ ဦးထက်မနည်းကို ဆေးရုံသို့ တင်ပို့ပေးလိုက်ရသော်လည်း အများစုမှာ ဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်း လူနာတင်ယာဉ်ဝန်ဆောင်မှုဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးနိုင်ငံမြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော ဟိုင်ဖာမြို့မှ တဲလ်အဗစ်မြို့သို့ ခုတ်မောင်းလာသည့် ခရီးသည်တင်ရထား၏ တွဲတစ်တွဲပေါ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ မစ်ကီရိုဆင်ဖဲလ်က ပြောကြားသည်။

မည်သည့်အကြောင်းကြောင့် မီးလောင်မှုဖြစ်ပွားရသည်ကို လောလောဆယ်မသိရသေးပေ။ သို့ရာတွင် အဖျက်အမှောင့်လုပ်ရပ် မဖြစ်နိုင်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက ပြောကြားသည်။

ရထားစီးခရီးသည် ၄၀၀ ခန့်ကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားသော ရထားသည် တဲလ်အဗစ်မြို့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာတွင် ရပ်တန့်ထားသည်။ **အင်တာနက်။**

အာဖဂန်ကြည်းတပ်နှင့် ရဲတပ်ဖွဲ့တို့ကို လေ့ကျင့်ပေးရန် စစ်ရေးလေ့ကျင့်ရေးမှူးများ အလုံအလောက်မရသေး

ကဘူး ဒီဇင်ဘာ ၂၈ - အာဖဂန်နစ္စတန်နိုင်ငံ၏ ကြည်းတပ်နှင့် ရဲတပ်ဖွဲ့တို့၏ အင်အားကို ခိုင်မာအောင် တည်ဆောက်နိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးမှူးများအား စုဆောင်းလေ့ကျင့်နိုင်ရန် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ရည်မှန်းချက်တစ်ရပ်သတ်မှတ်ထားသော်လည်း ယင်းရည်မှန်းချက်မှာ ပြည့်ဝအောင်မြင်မှုမရှိကြောင်း ဌာနဆိုင်ရာ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

လိုအပ်ချက်ဖြစ်

လာမည့်နှစ်မှစ၍ အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာတပ်ဖွဲ့များကို စတင်ရုပ်သိမ်းရေးနှင့် အဆိုပါရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးမှာ အဓိကကျသော လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

အာဖဂန်ကြည်းတပ်နှင့် ရဲတပ်ဖွဲ့တို့အတွက် စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးမှူးများကို အလုံအလောက်မရရှိပါက ယင်းနိုင်ငံ၏ အမျိုးသားလုံခြုံရေးစွမ်းပကား မြှင့်တင်ပေးရေးလုပ်ငန်းမှာ အရှိန်အဟုန် ရပ်တန့်သွားနိုင်ကြောင်း နေတိုးဌာနချုပ်ရှိ လေ့ကျင့်ရေးအထူးလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ကြည်းတပ်နှင့် ရဲတပ်ဖွဲ့တို့သည် လာမည့်နှစ်မှစ၍ မိမိနိုင်ငံလုံခြုံရေးအတွက် မိမိတို့ကိုယ်တိုင် စတင်တာဝန်ယူကြရန် မျှော်မှန်းထားသည်။

လတ်တလောအားဖြင့် စစ်ရေးလေ့ကျင့်ရေးမှူးရာထူးနေရာ ၈၁၉ နေရာလိုအပ်သည့်အနက် ထက်ဝက်ခန့်ကိုသာ ရရှိသေးသည်။ နေတိုးအဖွဲ့ဝင်နိုင်ငံများသည် စစ်ရေးလေ့ကျင့်ရေးမှူးများကို ပိုမိုစေလွှတ်ပေးရန် လိုအပ်လျက်ရှိသည်။

သို့ရာတွင် နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံရေးနှင့် ငွေကြေးဆိုင်ရာ အကန့်အသတ်များကြောင့် လေ့ကျင့်ရေးမှူးများကို ပိုမိုစေလွှတ်ပေးရန် အခက်အခဲများစွာ တွေ့ကြုံနေရကြောင်း အဆိုပါ အစီရင်ခံစာကိုကိုးကား၍ ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော ဂလုပ်အင်မေးလ်သတင်းစာက ရေးသားဖော်ပြသည်။

နေတိုးအဖွဲ့သည် ၂၀၁၂ ခုနှစ် မတ်လနောက်ဆုံးထား၍ နိုင်ငံတကာမှ စစ်ရေးလေ့ကျင့်ရေးမှူး ၂၈၀၀ ကို အာဖဂန်နစ္စတန်နိုင်ငံသို့ စေလွှတ်ပေးရန် ရည်မှန်းချက်မှာ ရာနှုန်းပြည့်အောင်မြင်နိုင်ဖွယ်မရှိကြောင်း သတင်းစာက ရေးသားသည်။ **အင်တာနက်။**

အရှေ့အလယ်ပိုင်းဒေသသို့ အမေရိကန်ကုမ္ပဏီများ လက်နက်အများဆုံးရောင်းချ

စတော့ဟုမ်း ဒီဇင်ဘာ ၂၈

စစ်လက်နက်ထုတ်လုပ်ရောင်းချသော အမေရိကန်ကုမ္ပဏီများသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းဒေသ လက်နက်ဈေးကွက်၏ ၅၄ ရာခိုင်နှုန်းကို ရယူထားခဲ့ကြောင်း စတော့ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့(အက်စ်အိုင်ပီအာအိုင်)က တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စုသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သို့ ခေတ်မီစစ်လက်နက်များ ထောက်ပံ့ပေးသည့် အဓိကနိုင်ငံဖြစ်လာသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ယူအေအီးနိုင်ငံက တင်သွင်းသည့် စစ်လက်နက်ပစ္စည်းတန်ဖိုးသည် သိသာစွာမြင့်မားလာခဲ့ကြောင်း အက်စ်အိုင်ပီအာအိုင်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ကာတာနိုင်ငံသည်လည်း အမေရိကန်လက်နက်ကုမ္ပဏီများ၏ အကြီးမားဆုံးဈေးကွက်ဖြစ်လာပြီး လေးနှစ်တာကာလအတွင်း လက်နက်ခဲယမ်း ၉၈ ရာခိုင်နှုန်းကို အမေရိကန်နိုင်ငံမှ ဝယ်ယူခဲ့သည်ဟု ဆိုသည်။

သမားရိုးကျ စစ်လက်နက်များ၏ အကြီးမားဆုံးဈေးကွက်ဖြစ်သည့် ယူအေအီးနိုင်ငံ၏ ကန်ထရိုက်စာချုပ်တန်ဖိုး ၆၀ ရာခိုင်နှုန်းကို အမေရိကန်ကုမ္ပဏီများက ရရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံကိုလည်း အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံတန်ဖိုးရှိသည့် လက်နက်များရောင်းချရန် ဝါရှင်တန်က အတည်ပြုထားခဲ့ပြီးဖြစ်သည်။ ဆော်ဒီအာရေဗျသည် ၂၀၀၁ နှင့် ၂၀၀၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံတန်ဖိုးရှိ စစ်လက်နက်များဝယ်ယူခဲ့ပြီးဖြစ်သည်။

ဝါရှင်တန်က လာမည့် ၁၀ စုနှစ်အတွင်း ၎င်း၏ မဟာမိတ်အာရပ်နိုင်ငံများသို့ ဒေါ်လာ ၁၂၂ ဘီလီယံတန်ဖိုးရှိသည့် စစ်လက်နက်များ ရောင်းချရန်စီစဉ်လျက်ရှိသည်။

ဆော်ဒီအာရေဗျကဝယ်ယူမည့် လက်နက်များထဲတွင် အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ် ၈၄ စင်း၊ အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ် အစင်း ၇၀၊ ဘလက်ဟော့ခ် ရဟတ်ယာဉ် ၇၂ စင်း၊ အပေ့ါစားရဟတ်ယာဉ် ၃၆ စင်းနှင့် လေဆာ လမ်းညွှန်ဗုံး ထောင်ပေါင်းများစွာပါဝင်သည်။ **အင်တာနက်။**

လေယာဉ်တင်သင်္ဘောဖျက်ဒုံးကျည်များ စမ်းသပ်မှု တရုတ်နိုင်ငံ မြှင့်တင်လုပ်ဆောင်လျက်ရှိဟုဆို

တိုကျို ဒီဇင်ဘာ ၂၈

တရုတ်နိုင်ငံသည် ၎င်း၏လေယာဉ်တင်သင်္ဘောဖျက် ဒုံးကျည်စနစ်ကို ဖြန့်ကြက်ရန် အားထုတ်ကြိုးပမ်းနေကြောင်း အင်္ဂါနေ့က ထုတ်ဝေသော ဂျပန်သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် အမေရိကန်ပစိဖိတ်စစ်ဌာနချုပ် တပ်မှူးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ လေယာဉ်တင်သင်္ဘောဖျက်ဒုံးကျည်စနစ်သည် ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ပြီးဖြစ်သည့် ဒုံးကျည်စနစ်ဖြစ်ကြောင်း ပစိဖိတ်စစ်ဌာနချုပ် တပ်မှူးဗိုလ်ချုပ်ကြီး ရောဘတ်ဝေးလ်လဒ်က အဆာဟိရှင်ဘွန်း သတင်းစာသို့ ထုတ်ဖော်ပြောကြားသည်။



ပစိဖိတ်ဒေသ၏ အင်အားချိန်ခွင်လျှာကို ပြောင်းလဲနိုင်မည့် တုန်ဖန်း-၂၁ သင်္ဘောဖျက်ဒုံးကျည်။

တရုတ်နိုင်ငံ၏ တုန်ဖန်း-၂၁အမျိုးအစား လေယာဉ်တင်သင်္ဘောဖျက် ဒုံးကျည်များသည် ကနဦးစမ်းသပ်မှုများအရ အောင်မြင်မှုရရှိခဲ့ပြီးဖြစ်သော်လည်း ယင်းစနစ်ကို စွမ်းရည်ပြည့် ဖြန့်ကြက်အသုံးပြုနိုင်ရန် အချိန်ကာလ လိုအပ်ဦးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ရောဘတ်ဝေးလ်လဒ်က ပြောကြားသည်။

အမေရိကန်ရေတပ်သင်္ဘောများ၏ အခိုင်မာဆုံး ကာကွယ်ရေးတံတိုင်းကို ထိုးဖောက်ကျော်လွှားနိုင်သော တုန်ဖန်း-၂၁ ဒုံးကျည်အမျိုးအစားသစ်တစ်မျိုးကို တရုတ်နိုင်ငံက တည်ဆောက်နေကြောင်း အမေရိကန်စစ်ရေး အကဲခတ်များက သတိပေးခဲ့ပြီးဖြစ်သည်။

တုန်ဖန်း-၂၁ လေယာဉ်တင်သင်္ဘောဖျက် ဒုံးကျည်များသည် တရုတ်ရေပိုင်နက်အလွန် အလှမ်းကွာသော နေရာများရှိ ပစ်မှတ်များကို ပစ်ခတ်ချေမှုန်းနိုင်စွမ်းရှိသည်ဟု ဆိုသည်။ **အေအက်ဖ်ပီ။**

အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် သတိပေးချက်များကြောင့် အိန္ဒိယနိုင်ငံမြို့ကြီးများ၌ လုံခြုံရေးအဆင့်မြှင့်တင်

မွမ်ဘိုင်းမြို့လုံခြုံရေးအတွက် စောင့်ကြပ်နေသော အိန္ဒိယရဲတပ်ဖွဲ့ဝင်တစ်ဦး။

နယူးဒေလီ ဒီဇင်ဘာ ၂၈

ပါကစ္စတန်အခြေစိုက် စစ်သွေးကြွအုပ်စုတစ်စုက နှစ်သစ်ကူးကာလ သီတင်းပတ်ကုန်ရက်များအတွင်း တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ရန် ကြံစည်နေကြောင်း သတင်းများရရှိခဲ့ရာ အိန္ဒိယနိုင်ငံတစ်ဝန်းမြို့ကြီးများ၌ အင်္ဂါနေ့က လုံခြုံရေးအဆင့်မြှင့်တင်ထားမှုများကို အိန္ဒိယအစိုးရက ပြုလုပ်ခဲ့ကြောင်းသတင်းများတွင် ဖော်ပြထားသည်။

၂၀၀၈ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုခံခဲ့ရသော အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်းမြို့အပါအဝင် မြို့ကြီးများ၌ ရဲတပ်ဖွဲ့ဝင်အရေအတွက်ကို ပိုမိုတိုးမြှင့်ချထားခဲ့ကြောင်း သိရသည်။

လက်ရှိကာအီးတိုင်ဘာ စစ်သွေးကြွအဖွဲ့၏ ပစ်မှတ်များဖြစ်လာနိုင်ဖွယ်ရှိသော လေဆိပ်များ၊ မီးရထားဘူတာရုံများနှင့် နာမည်ကျော် အပန်းဖြေစခန်းများ၌ လုံခြုံရေးအရ ပိုမိုတင်းကျပ်မှုများ ပြုလုပ်ခဲ့ရကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မွမ်ဘိုင်းမြို့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် ဝင်ရောက်လာသည်ဆိုသော စစ်သွေးကြွလေးဦးကို ဒီဇင်ဘာ ၂၄ ရက်မှစတင်ကာ အိန္ဒိယရဲတပ်ဖွဲ့က မြေလှန်ရှာဖွေချိန်မှစ၍ မွမ်ဘိုင်းမြို့၏ လုံခြုံရေးကို အထူးတင်းကျပ်ထားပြီး ဖြစ်သည်။ အိန္ဒိယရဲတပ်ဖွဲ့က မွမ်ဘိုင်းမြို့တော်အတွင်း တစ်အိမ်တက်ဆင်းရှာဖွေမှုများ ယနေ့ပြုလုပ်ခဲ့ပြီး မော်တော်ယာဉ်များ၊ မီးရထားဘူတာရုံများ၊ ဘုရားကျောင်းများနှင့် ဈေးများ၌ လုံခြုံရေးအထူးတင်းကျပ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။ **အေပီ။**

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုရဟန်းတော်များ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုရဟန်းတော်များသင်တန်း အမှတ်စဉ်(၂၀)ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်း သာသနာနုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသန ဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ဂုဏောသနနှင့် ထေရဝါဒဗုဒ္ဓ သာသနာပြု ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမာရတို့က ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)** ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသက ရေစက်ချ အနုမောဒနာတရား ဟောကြားတော်မူပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုရဟန်းတော် အပါး ၃၀ တက်ရောက်ကြပြီး ဒီဇင်ဘာ ၂၉ ရက်မှစ၍ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က သက်ကြီးစာပေ ပညာရှင်ကြီးများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

ရန်ကုန် ဒီဇင်ဘာ ၂၈

၁၃၇၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် အခမ်းအနားသို့ မတက်ရောက်နိုင်ကြသော သက်ကြီးစာပေပညာရှင်ကြီးများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ရန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)က စီစဉ်ဆောင်ရွက်ထားသည်။

ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီမှစ၍ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)တို့အဖွဲ့သည် သက်ကြီးစာပေပညာရှင်ကြီးများ ဖြစ်ကြသော ဦးအေးဖေ (တိုင်းရင်းမေ)၊ ဒေါ်မြင့်သန်း (ကထိက ဒေါ်မြင့်သန်း)၊ ဦးအုန်းဖေ (တက္ကသိုလ်ဝင်းလှဲ့)နှင့် ဦးဝင်းဖေ (မြဇင်)တို့အား အိမ်တိုင်ရာရောက် လိုက်လံ၍ ငွေကျပ် ၂၀၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။**(ယာပုံ)**

ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်ကြသော ကျန်ရှိသည့် မြို့နယ်များမှ သက်ကြီးစာပေ ပညာရှင်ကြီးများအား သက်ဆိုင်ရာက အိမ်တိုင်ရာရောက် ဆက်လက်ကန်တော့သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာရေးသူစိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ သံယောဇဉ်ဆွဲအားစာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၂၈

စာရေးသူစိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ သံယောဇဉ်ဆွဲအား စာအုပ်ကို တတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။**(ယာပုံ)**

အဆိုပါ စာအုပ်တွင် သံယောဇဉ်ဆွဲအား၊ ဘဝဆည်းဆာ၊ ကိုယ်သာပန်းစေ စိတ်မနွမ်းစေနဲ့၊ ပြီးပြည့်စုံတဲ့ဘဝ၊ ဆည်းဆာမှာ ချမ်းမြေ့စွာနေထိုင်နိုင်ဖို့၊ နေ့စဉ်ဘဝလေးထဲမှာပဲ သတိလေးနဲ့ နေပေးပါ၊ တကယ့်အဖော်၊ ဗိုလ်မှူးကျော်ငြိမ်း (ကွယ်လွန်)၏ ကိုယ်တွေ့တရား၊ မျှော်လင့်ခြင်းသည် ရင်မှာ၊ နိဗ္ဗာန်၊ ဘဝဖြစ်တည်မှုနှင့် အနန္တဒေသနာ စသည့် စာစုများပါဝင်သည်။

စာရေးသူက ၎င်းအနေဖြင့် ကင်ဆာဝေဒနာရှင်များကို ကုသပေးပြီး နေ့စဉ်လည်း ထိတွေ့ဆက်ဆံနေရသူတစ်ဦးဖြစ်၍ စာနာစိတ်ဖြင့် ရေးဖြစ်ခဲ့ကြောင်း၊ ဝေဒနာရှင်များအတွက် ဘဝဆည်းဆာသည် အပင်ပန်းဆုံးရင်ဆိုင်ရသည့် နေ့ရက်များဖြစ်ကြောင်း၊ မည်သူမဆို ဘဝဆည်းဆာတွင် ခံစားနေရသည့် ဝေဒနာများက တစ်ဖက်၊ မိမိသံယောဇဉ် တွယ်တာရသူများနှင့် ခွဲခွာရမည့် သောကဖိစီးမှု ဆွဲအားများက တစ်ဖက်နှင့်မို့ အားငယ်ကြရစမြဲ ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဝဆည်းဆာတွင် အကောင်းဆုံးနေထိုင်သင့်သည် နည်းလမ်းများကို တတ်စွမ်းသမျှ ကြိုးစားတင်ပြထားကြောင်း၊ မည်သူ့ကိုဖြစ်စေ သေခြင်းတရားသည် အချိန်မရွေး ကျရောက်လာနိုင်သည့်အတွက် ဒါန၊ သီလ၊ ဘာဝနာပွားရင်းဖြင့် တစ်နေ့တာ ကာလလေးများကို အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်စိတ်ဖြင့်သာ နေသွားရမည်ဖြစ်ကြောင်း၊ မိမိအတွက် အအေးချမ်းဆုံးနှင့် နောင်ဘဝများတွင်လည်း မြင့်မြတ်သောဘဝများသို့ ရောက်အောင် ဗုဒ္ဓ၏ ရင်ခွင်၌သာ ခိုလှုံကြရမှာ ဖြစ်ကြောင်း၊ ဤစာအုပ်ကို ဖတ်ရှုပြီးသွားပါက အစိုးမရသည့် လောကကြီးတွင် သတိနှင့်အတူ နေသောစိတ်၊ တည်ငြိမ်အေးချမ်းသည့်စိတ်တို့နှင့် မိမိ၏ဘဝဆည်းဆာကို အကောင်းဆုံး ရင်ဆိုင်သွားနိုင်မည်ဟု မျှော်လင့်မိကြောင်းဖြင့် ရေးသားတင်ပြထားသည်။

ယင်းစာအုပ်ကို စိတ်ကူးချိုချိုစာပေမှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Silver Tiger Co., Ltd. နှင့် Opple Lighting အရောင်းကိုယ်စားလှယ်တွေ့ဆုံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

Silver Tiger Co., Ltd. က ကြီးမှူးကျင်းပသော ဂုဏ်ပြုမိတ်ဆုံ ညစာစားပွဲနှင့် အရောင်းကိုယ်စားလှယ်တော်ကြီးများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပရာ Silver Tiger Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတင်လတ်နှင့် တာဝန်ရှိသူများ၊ Opple မှ ဖိတ်ကြားထားသော အရောင်းကိုယ်စားလှယ်ကြီးများနှင့် စာနယ်ဇင်းသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ Silver Tiger Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတင်လတ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ **(အောက်ယာပုံ)** ထို့နောက် Opple အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ အမှတ်တရလက်ဆောင်များပေးအပ်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သည်။

Silver Tiger Co., Ltd. ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းများနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြခန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအာမခံဖြင့် ရောင်းချပေးသည့် မီးအားစား သက်သာစေသော Opple တံဆိပ်လျှပ်စစ်ပစ္စည်းများ ယနေ့ခေတ်နှင့်အညီ ဆောက်လုပ်နေသော အဆောက်အအုံများအတွက် LED မီးဆိုင်းများနှင့် ခြံတွင်းအလှဆင်နိုင်သော လုံခြုံရေးမီးများ၊ ကြေးအစစ်နှင့် ပြုလုပ်ထားသော အလှဆင်မီးဆိုင်းများ၊ Austria နိုင်ငံမှ Crystal Lighting အမျိုးမျိုး၊ အီဂျစ်နိုင်ငံမှ မီးဆိုင်းများနှင့် အခြားအိမ်တွင်းအလှဆင် လျှပ်စစ်ပစ္စည်းမျိုးစုံ ခင်းကျင်းရောင်းချနေသည်။

Opple လျှပ်စစ်ပစ္စည်းများကို ဝယ်ယူလိုပါက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များနှင့် တစ်ဆင့် ပြန်လည်ရောင်းချလိုပါက G-4, 5, 6 အဆောင်စီပုလဲကွန်ဒို ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၅၅၁၅၅ နှင့် ၅၅၉၄၃၃၊ G-15 အောင်ဆန်းကွင်း အနောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၃၇၁၅၃၃ နှင့် ၃၉၄၈၂၁၊ အမှတ်(၁၅၉/၁၆၁)၊ အမှတ်(၂)မြေညီထပ် (၂၉)လမ်း အလယ်ဘလောက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၆၁၅ နှင့် ၀၉-၅၀၁၂၅၈၀၊ အမှတ်(၂၆၇) (၂၆)လမ်း (၈၃၊ ၈၄)လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၄၉၅၇ နှင့် ၆၆၆၃၆ နှင့် Nice Electric အမှတ်(၂၆၃) (၈၃)လမ်း (၂၉×၃၀)ကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၆၀၁ တို့၌ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက (၄) တောင်ဥက္ကလာ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး အထက (၄) တောင်ဥက္ကလာပ၌ (၁၉၆၅ ခုနှစ်မှ ၁၉၈၀ခုနှစ်)အထိ ပညာသင်ကြားပေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်း၍ ယင်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေးအတွက် တွေ့ဆုံစည်းဝေးပွဲကို ဇန်နဝါရီ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ဝိုင်းရှိ ဝေဇယန္တာကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်ရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးနာယက ဒုတိယဗိုလ်မှူးကြီး မျိုးလွင်(ငြိမ်း) ဖုန်း-၀၉-၈၆၂၇၇၃၇၊ ဥက္ကဋ္ဌ ဒေါ်ခင်ဌေးမြင့် ဖုန်း-၀၁-၅၆၄၆၈၆၊ ၀၉-၅၀၃၂၇၇၉၊ ဘဏ္ဍာရေးမှူး ဦးသိန်းထွန်း ဖုန်း-၅၆၁၂၅၁၊ ဦးဝင်းလွင် (အဖွဲ့ဝင်) ဖုန်း-၀၉-၄၉၂၅၉၅၇၈နှင့် ဒေါ်အေးအေးမြင့် ဖုန်း- ၀၉-၅၀၆၂၄၈၉ တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
[၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၀ ၇။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၉။ "သတင်းကောင်း"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၂း၅၀ ၁။ ၂၀၁၀ ခုနှစ်၊ (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် ကြည်း၊ ရေ၊ လေ ဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ဗိုလ်လုပွဲ)(ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း)
- ၄း၄၅ ၂။ သီချင်းကြီးပဒေသာ
- ၄း၅၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၅း၀၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၅။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၅း၂၅ ၆။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၀။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇း၃၀ ၁၂။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **"ချစ်သူတို့ရဲ့ ပန်းခင်းလမ်း" (နေမင်း၊ နန်းဆုရတီစိုး၊ ရန်ပိုင်စိုး၊ သန်းသန်းစိုး၊ မန်းဝင်း၊ ရှက်တယ်၊ မင်းလှိုင်၊ အိဖြိုးချယ်ရီ၊ မီးမီးသုခ) (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)**
- ၁၇။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၆)
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၂၂)**
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "မှဲ့တစ်ပေါက်" (လူမင်း၊ နန္ဒာလှိုင်၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဟိန်းစိုး)**
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော
ကွတ်ခိုင်နှင့် လောက်ကိုင်မြို့နယ်တို့အတွင်း လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မြို့နယ် နမ့်တောင်ကျေးရွာအနီး ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုံးစီး-တာပါး-တာရွှေထန်လမ်းပေါ်ရှိ သံလွင်မြစ်ကူး သံလွင်တံတား (တာပါး)သို့ ရောက်ရှိပြီး တံတားကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တာပါး-တာရွှေထန်လမ်း တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် လမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လောက်ကိုင်-ကုန်းကြမ်း လမ်းဖောက်လုပ်နေမှုနှင့် လမ်းခင်းကျင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ကျောဖုံးမှ

တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ် လျော့နည်းနိုင်သည်။

မြူအခြေအနေ

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သုံးရက်မှ လေးရက်ခန့် နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နှစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။ (သတင်းစဉ်)

☆တရုတ်နိုင်ငံမှ

အလျောက် ရပ်တန့်သွားစေသော ရွှေ့လျားမှုသိရှိခံစားနိုင်သည့် အာရုံခံကိရိယာများ ပါရှိသည်။

ကျေနပ်မှုရှိ

ရှန်တုံးဒူလာသိပ္ပံနှင့် နည်းပညာကုမ္ပဏီက ၎င်းတို့ထုတ်လုပ်သော စက်ရုပ်၏ ဝန်ဆောင်မှုများတွင် အားနည်းချက်များ ရှိပါကြောင်း၊ စက်ရုပ်မှာ လူသားကဲ့သို့ စားပွဲများသန့်ရှင်းပေးခြင်း၊ ကုန်နေသော ခွက်များကို ထပ်ဖြည့်ပေးခြင်းများ မလုပ်ဆောင်နိုင်ကြောင်း၊ သို့သော် စားသုံးသူအများစုမှာ စက်ရုပ်၏ဝန်ဆောင်မှုအပေါ် ကျေနပ်မှုရှိကြသည်ဟု သိရကြောင်း ဖွင့်ဟပြောကြားသည်။

ဝန်ဆောင်မှုစိတ်ဓာတ်ပိုကောင်း

စားသုံးသူများထဲမှ တစ်ဦးဖြစ်သူ လီရှီယိုမိုင်းက စက်ရုပ်များမှာ လူသားထက်ပင် ဝန်ဆောင်မှုစိတ်ဓာတ် ပို၍ကောင်းမွန်ကြောင်း၊ လူသားများမှာ စိတ်တိုတတ်ကြောင်း၊ စက်ရုပ်များမှာ စားသုံးသူများအကြား ခေါက်တုံ့ခေါက်ပြန်သွားလာကာ မနားတမ်းဝန်ဆောင်မှုပေးနေသော်လည်း စိတ်တိုခြင်း၊ ညည်းညူခြင်း၊ မောပန်းခြင်းများ မရှိပါကြောင်း မှတ်ချက်ပြုခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။

(အင်တာနက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Nong Woo Bio Co., Ltd. ဥက္ကဋ္ဌ Mr. HEE-SUN KO ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Nong Woo Bio Co., Ltd. ဥက္ကဋ္ဌ Mr. HEE-SUN KO ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ အသင်းရုံးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးရှိ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းဝင် အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) ရေနံချောင်း အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အထက(၂) ရေနံချောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက် ပူဇော်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးဉာဏ်ဝင်း ဖုန်း-၀၁-၅၅၅၁၃၈၊ ၀၉၅၁၁၅၈၅၅၊ ဦးဝင်းအောင် ဖုန်း-၇၃၁ ၂၆၅၈၄၊ ဦးဝင်းကြည် ဖုန်း-၇၃၀-၉၇၁၁၈နှင့် ဒေါ်ချိုချိုဝင်း ဖုန်း-၀၉-၈၀၃၀၀၃၇၊ မန္တလေးမြို့တွင် ဦးသန်းထွန်း ဖုန်း-၀၉၅၃၃၇၂၃၈၊ ဦးမြင့်သူ ဖုန်း-၀၂-၇၁၀၅၇နှင့် ဦးရဲထွန်း ဖုန်း-၀၂-၆၀၃၇၁၊ ၆၀၃၇၇၊ ရေနံချောင်းမြို့တွင် ဦးညွန့်စိန် ဖုန်း-၀၆၀-၂၁၂၇၅နှင့် ဦးဇော်မင်း(အောင်မြင့်မိုရ်ဆေးတိုက်) ဖုန်း-၀၆၀-၃၀၁၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အလက(၄) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အလက(၄) တောင်ဥက္ကလာပ၌ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများက တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အားလုံးစုံညီတက်ရောက်ကြပါရန်နှင့် ဆက်သွယ်မေးမြန်းလှူဒါန်းလိုပါက ဦးမြင့်အောင် ဖုန်း-၀၉-၅၁၃၄၆၈၅၊ ဒေါ်ဥမ္မာခင် ဖုန်း-၀၉-၅၁၁၉၉၉၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၉၇၇၆၈၊ ဒေါ်သီသီတင် ဖုန်း-၀၉-၅၅၀၁၄၃၀၊ ရဲသီဟအောင် ဖုန်း-၇၃၁-၁၂၃၈၊ မရီမွန်ဦး ဖုန်း-၀၉-၅၄၁၁၉၄၄ နှင့် ကိုအောင်မိုးဟိန်း ဖုန်း-၇၃၀၇၉၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရရှိရသည်။

(ကြေးမုံ)

အထက တွံတေး အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အထက တွံတေး ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ယင်းကျောင်းရှိ ယုဇနခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက်အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေများကို တွံတေးမြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်း ဖုန်း -၀၁-၅၆၅၈၈၁၊ ဒေါက်တာသိန်း ဇော်မြင့် ဖုန်း-၀၄၅-၉၀၀၀၉၊ ဦးဘမြင့် ဖုန်း-၀၄၅-၅၀၁၈၇၊ ဦးလွန်းဝေ ဖုန်း-၀၄၅-၅၀၁၉၅နှင့် ဦးမင်းနိုင် ဖုန်း-၀၄၅-၅၀၀၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်သူရဆွေ ဦးစီးဆောင်ရွက်ခဲ့သည့် ကောင်ထိုကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (သတင်းစဉ်)

ညောင်နှစ်ပင် ရေသန့်စင်စက်ရုံ ရေပေးပို့မှုလုပ်ငန်း ခေတ္တရပ်ဆိုင်းမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်မြို့တော်သို့ သောက်သုံးရေ ပေးပို့ဖြန့်ဝေလျက်ရှိသည့် ညောင်နှစ်ပင် ရေသန့်စင်စက်ရုံမှတွန်းပို့သည့် ရေပို့ပိုက်လိုင်းမကြီးနှင့် လှော်ကားကန်ရေအားဖြည့်ပိုက်လိုင်းအဆုံ၌ ရေထိန်းတံခါးကြီး တပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီမှ ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

ယင်းသို့ လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်း ညောင်နှစ်ပင် ရေသန့်စင်စက်ရုံမှ ရေပေးပို့မှုလုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ရာ ဖော်ပြပါ ရေပို့ပိုက်မကြီးမှ ရေရယူသုံးစွဲကြသည့် မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်များ၌ ရေပြတ်တောက်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဖော်ပြပါမြို့နယ်များရှိ စည်ပင်ရေသုံးစွဲသူများအနေဖြင့် သောက်သုံးရေ ကြိုတင်စုဆောင်းထားကြပါရန် သက်ဆိုင်ရာက အသိပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဒီဇင်ဘာ ၂၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၄) လယ်ခွဲတွင် ဘက်စုံပညာ ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ပထမဆုနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန် ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်သူရိန်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၈

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ် အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၄)ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် (-၁)ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၂၉ ရက် ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၃)နှင့် ငွေစုဘဏ်ခွဲ (၂)တို့တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဘဏ္ဍာ/အခွန်)

ဝန်ကြီး ဦးလှထွန်း လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ၏ စီမံခန့်ခွဲရေးဌာန၊ ငွေကြေးဌာန၊ ဘဏ်တွင်းစာရင်းစစ်နှင့် ဘဏ်လုပ်ငန်းများကြီးကြပ်စစ်ဆေးရေးဌာန၊ သုတေသနနှင့် အလုပ်သင်ကြားရေးဌာန၊ စာရင်းဌာန၊ ဘဏ်လုပ်ငန်းစိစစ်ရေးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိကျမှန်ကန်မြန်ဆန်သည့် လုပ်ငန်းဆောင်ရွက်မှုတို့ဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍အလုံမြို့နယ်ရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲရုံးနှင့် ကုန်လှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းစနစ်တကျ မှန်ကန်စွာဖြင့် ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအောင်မြင်မှုများ ရရှိကြစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ကုန်သည်လမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ပို့ကုန်ဌာနနှင့် သွင်းကုန်ဌာနတို့၌ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာအသုံးပြု၍ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း အသက်အာမခံဌာန(တပ်မတော်)သို့ ရောက်ရှိပြီး အဆောက်အအုံ ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၃)နှင့် ငွေစုဘဏ်ခွဲ (၂)တို့သို့ ရောက်ရှိပြီး ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ် ဝန်ကြီးကလုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရိုးရာလေးသတင်းဂျာနယ်ဝက်ဘ်ဆိုက် မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

ထွန်းနည်းပညာသစ် ကုမ္ပဏီက ကြီးမှူးကျင်းပသည့် ရိုးရာလေးဝက်ဘ်ဆိုက် yoyarlay.com မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်း အမှတ်(၁၃၂)ရှိ Queen's Park Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ထွန်းနည်းပညာသစ်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ကိုထွန်းထွန်းက ရိုးရာလေးဝက်ဘ်ဆိုက် အကြောင်းကို မိတ်ဆက် ရှင်းလင်းပြောကြားသည်။ ထို့နောက် ရိုးရာလေးဝက်ဘ်ဆိုက်တွင် ထည့်သွင်းထားသည့် အသေးစိတ်အချက်အလက်များကို ဝက်ဘ်ဆိုက်တာဝန်ခံ မတင်အေးခိုင်က ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝက်ဘ်ဆိုက်တွင် ဖန်တီးထားသည့် အိုင်တီနည်းပညာများကို Web Developer ကိုဝိုင်းချစ်က ရှင်းလင်းပြောကြားသည်။

ရိုးရာလေးဝက်ဘ်ဆိုက်သည် မြန်မာနိုင်ငံ၏ သတင်းများကို ပြည်တွင်းပြည်ပ စာဖတ်ပရိသတ်များ အလွယ်တကူဖတ်ရှုနိုင်ရန် ဂျာနယ်များမှသတင်းများကို မူရင်းအတိုင်း ဝက်ဘ်ဆိုက်ပေါ်သို့ လွှင့်တင်နိုင်ရန် ထွန်းနည်းပညာသစ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ကိုထွန်းထွန်းက ဖန်တီးထားခြင်းဖြစ်သည်။ ထို့ပြင် (၂၁) ရာစုနှစ် လူငယ်များအတွက် ပညာရေးဆိုင်ရာသတင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဈေးကွက်အခြေအနေနှင့် ကြော်ငြာများ ထည့်သွင်းနိုင်မည့် အစီအစဉ်များနှင့် ဂျာနယ်တိုက်အသီးသီးမှ သတင်းအချက်အလက်များကို ကိုယ်တိုင်လွှင့်တင်နိုင်ရန် စီစဉ်ထားရှိသည်။

မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနား အစီအစဉ်ဖြစ်မြောက်ရေးအတွက် Tun New Technology, Queen's Park Hotel, Spice WellCom, Pucci Cake, K-Link , Junction Cineplex နှင့် ဒန်းလော့ပ်တာယာရောင်းဝယ်ရေးတို့မှ ပံ့ပိုးကူညီကြသည်။

ရိုးရာလေး yoyarlay.com နှင့် ဆက်သွယ်လိုပါက ရိုးရာလေး အမှတ်(၁၃၂) ခုနစ်လွှာ အနော်ရထာလမ်း ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၅၀၉၇၀၀၈ နှင့် ၂၉၈၁၀၁ Email- news @ yoyarlay.com သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြကတ္တရာခင်းခြင်းလုပ်ငန်းဖြစ်သည့် စည်ပင်သာယာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဒီဇင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ကနဦးအမျိုးသားအစီရင်ခံစာပြုစုရေးစီမံကိန်းဆိုင်ရာ အပြီးသတ်သုံးသပ်မှုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ ကနဦးအမျိုးသား အစီရင်ခံစာ ပြုစုရေးစီမံကိန်းဆိုင်ရာ အပြီးသတ်သုံးသပ်မှုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ နှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနရှိ ဆက်စပ်ဌာနများမှ အရာထမ်းများ၊ စီမံကိန်း၏ လုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်နွှယ်သော ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ကိုယ်စားလှယ် ၄၅ ဦးတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းနှင့်စပ်လျဉ်းသည့် ကနဦးအမျိုးသားအစီရင်ခံစာ (မူကြမ်း)ကို ဒီဇင်ဘာ ၂၉ ရက်အထိ သုံးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဖျောက် အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ အသက် (၆၀)အထက် ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဖျောက်အထက ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးကျော်ဆန်း ဖုန်း-၀၁-၅၄၀၈၀၂၊ ဦးမြင့်နိုင် ဖုန်း-၀၁-၃၇၁၈၀၀၊ ၀၁-၅၃၀၆၀၆နှင့် ဦးခင်မောင်စိုး ဖုန်း-၀၁-၂၅၁၉၇၈တို့သို့ ဆက်သွယ်လှူဒါန်း ကြပါရန်နှင့် အဖျောက်မြို့သို့ သွားရောက်မည့် ခရီးစဉ်အား စုံစမ်းမေးမြန်းနိုင် ကြောင်းသိရသည်။ (ကြေးမုံ)

ရပ်စောက်မြို့ မြို့မဈေးအတွင်း ဆိုင်ခန်းများ လျှပ်စစ်မီးသုံးစွဲမှုများကို အမှုဆောင်အရာရှိ ဦးသောင်းညွန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကံဝင်းတို့ ဆိုင်ခန်းများ စည်းကမ်းနှင့်အညီ မီးသုံးစွဲမှု ရှိ၊ မရှိ စစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၈

'နိုင်ငံရေးပါတီများ မကြာမီ ခေါ်ယူတော့မည့် လွှတ်တော်အတွက်ပြင်ဆင်' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်(၅၉)ကို ယနေ့ဖြန့်ချိလိုက်သည်။

အာဆီယံ(၁၀)နိုင်ငံ စီးပွားပူးပေါင်းဆောင်ရွက်မှု (Economic Integration) ကို ၂၀၁၅ မတိုင်မီ အပြီးဆောင်ရွက်ရန် သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတွင် စတော့ဈေးကွက်ပေါ်ထွန်းရန် မျှော်မှန်း၊ အင်အားအသင့်အတင့် ပြင်းထန်သည့် အအေးလှိုင်း မြန်မာနိုင်ငံကို ဖြတ်သန်းဖွယ်ရှိ၊ မြန်မာနိုင်ငံ ကျေးလက်စာသင်ကျောင်းများအတွက် အားတက်စရာ အလှူရှင်တစ်ဦး၊ သတိထားရမည့် ဟက်ကာများ၊ အထူးစီးပွားရေးဇုန်များ တစ်ရှိန်ထိုး ပေါ်ပေါက်လာစေရန်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌသစ်အဖြစ် ဦးတေဇကိုရွေးချယ်၊ပုသိမ်မြို့ အထင်ကရ ကန်သုံးဆင့်ကန်ကြီးကို အပန်းဖြေဥယျာဉ်အဖြစ် အဆင့်မြှင့်ပြုပြင်မည်၊ နေပြည်တော်တွင် မတ်လ၌ကျင်းပမည့် နှစ်လယ်ကျောက်မျက်ပွဲအမီ ဟိုတယ်များတိုးမြှင့်တည်ဆောက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားကြီးများကို စစ်ဆေးမှုများ ပြုလုပ်မည်ဟုဆို၊ ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ကမ္ဘာလှည့်ခရီးသည်အချို့ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်များ ဖျက်သိမ်းမှုပြု၊ ၂၀၁၀ ခုနှစ်မှာလည်း တရုတ်က နယ်စပ်ကုန်ဝေစု အများဆုံးရပြန်ပြီ၊ စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးများ ဆွေးနွေးရန် မြန်မာ-တောင်ကိုရီးယားနှင့် နေပြည်တော်တွင်တွေ့ဆုံ၊ ၂၀၁၀ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ လူကုန်ကူးခံရသူ ၃၆၂ ဦးရှိပြီး အများစုမှာ အမျိုးသမီးများသာဖြစ်၊ ၂၀၁၀ ပြည့်နှစ်အတွင်း အရှေ့တောင်အာရှသည် ခရီးသွားလုပ်ငန်း အဖွံ့ဖြိုးဆုံးဖြစ်ခဲ့၊ ကိုရီးယားကျွန်းဆွယ်မှ အမေရိကန်၏ ကစားကွက်များကိုမြင်နေတဲ့ ရုရှား၊ အီရန်တို့က လှုပ်ရှားမှု တစ်စုံတစ်ရာ ပြုလုပ်မည်ဆိုပါက အမေရိကန်က စစ်ရေးအရ အရေးယူရန် အသင့်ရှိနေ စသည့်နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်

၅း၂၀ MRTV-4 သတင်း

၅း၅၀ "ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ ဟောကြားတော်မူသော တရားတော်"

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၁၉)**

၇း၃၀ MRTV-4 သတင်း

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၆)**

၈း၄၀ Fashion Music Festival (Part -16)

၉း၁၅ အစဉ်ထာဝရထွန်းလင်းတောက်ပနေမည့် မဟာစည်

၉း၃၅ အားကစားမြင်ကွင်းစုံ

၁၀း၀၀ အမျိုးသမီးများအတွက် Queen's Rose

၁၀း၁၅ Activities In The City [အထက(၃)ထောက်ကြန့် မြတ်ဆရာပူဇော်ပွဲ]

၁၀း၂၅ ဓာတ်ပုံထဲမှအမှတ်တရများ (ခရစ္စတီးနား)

၁၁း၀၀ Industrial Talk[ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]

၁၁း၂၅ သင်ယူလေ့လာဂီတပညာ ((Part- 3)(Timing)

၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်

၁၂း၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ယောက္ခမက ရော့ခ်စတား)

၁၂း၄၀ အလောင်းတော်ကဿပ လိုဏ်ဂူတော်

၁း၀၀ "ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ ဟောကြားတော်မူသော တရားတော်"

၂း၀၀ MRTV-4 သတင်း

၂း၂၀ စကားနပန်း (တိရစ္ဆာန်မွေးတာ ကောင်းတယ် တိရစ္ဆာန်မမွေးတာ ကောင်းတယ်)

၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၉)**

၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၆)**

၄း၅၀ အရိုး၊ အကြော၊ အဆစ်များ ပြန်လည်သန်စွမ်းစေမည့် နှင်းဆီ

၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်

၆း၀၀ MRTV-4 သတင်း

၆း၂၀ သင်ကြားရေးလမ်းညွှန် (GETC)

၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၀)**

၇း၁၅ Fashion Music Festival (Part-17)

၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Maxxis တာယာ၏ (၉)နှစ်မြောက် ဂုဏ်ပြုမိတ်ဆုံစားပွဲ)

၈း၀၀ MRTV-4 သတင်း

၈း၃၀ ကပ်လှူပူဇော်ကုသိုလ်ယူမယ် ကျိုက်သလွံ့စေတီတော်ဝယ်

၈း၄၀ ပြုံးပျော်ကျန်းမာ ကလေးတို့ကမ္ဘာ

၉း၁၅ Celebrity Style (ချောရတနာ)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၇)**

၁၀း၁၀ Cartoon Show Time (BEE Movie)

၁၀း၄၅ ဂီတနက်သန် ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်း အမှတ်တရတေးသီချင်းများ အပိုင်း(၁)

၁၁း၀၀ World of Knowledge (Seconds From Disaster : Alpine Tsunami)

၁၁း၅၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သဘော်အကြွပ်ယိုမုန့်လုပ်နည်း)

၁၂း၀၀ Let's Dance (The Uranium Dance Studio)

၁၂း၂၅ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ-ဒေါက်တာမြင့်မောင်မောင်)

၁၂း၄၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်

၁း၂၅ နတ်လူသာဓုခေါ်စေသော် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော)(ဒါရိုက်တာ-သော်ကိုကိုကျော်)

၁း၄၅ မြန်မာ့တူရိယာစည်တော်ကြီး

၂း၀၀ Celebrity Profile (မြို့ရွှေမန်းသား ဖိုးချစ်နှင့် တွေ့ဆုံခြင်း)

၂း၂၅ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ

၂း၄၀ မြန်မာ့ရွှေချည်ထိုးပညာ

၂း၅၀ ကော့ကရိတ်မြို့နယ်မှ ညီညာဖြိုးဖြိုးကမ်းနီအလှ

၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

၄း၀၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေထားဝယ်မြေ

၄း၃၀ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ

၄း၅၀ တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာ စူဠာမုနိ

၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Birmingham -Man U	ESPN (Live)

နေပြည်တော်-မန္တလေးလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

❋ နိုင်ငံတကာအဆင့်မီမှု

ဦးသိန်းမြင့်မွန်က ဆက်လက်ပြောကြားရာ၌ တည်ဆောက်ရာတွင် လမ်းနှင့် တံတားကို တစ်ပြိုင်တည်း တည်ဆောက်ရကြောင်း၊ လမ်းမရှိခင် တံတားများ တည်ဆောက်ရန် ချောင်းများ၏ ရေစီးဆင်းမှုပမာဏ၊ ချောင်းကြမ်းပြင် ရေတိုက်စားမှု အခြေအနေတို့ကို ကြိုတင်လေ့လာမှတ်တမ်းယူပြီးမှ တံတားခန်းဖွင့်အကျယ်နှင့် တံတားအုတ်မြစ် အမျိုးအစားတို့ကို ရွေးချယ်သတ်မှတ်ခြင်း၊ ရေလမ်းကင်းလွတ် အမြင့်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအောက်ထည်ပိုင်း၊ အပေါ်ထည်ပိုင်းနှင့် ကြမ်းခင်းတို့မှာ သံကူကွန်ကရစ်အမျိုးအစားများဖြစ်ကြောင်း၊ ခန်းဖွင့်အကျယ် ပေ ၉၀ နှင့် အထက်ရှိ တံတားများအား မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ သံမဏိစက်ရုံများက ထုတ်လုပ်သည့် သံမဏိရက်မ(Plate Girder) များကို တပ်ဆင်အသုံးပြုခဲ့ကြောင်းဖြင့် ပြောကြားသည်။

မိမိတို့သတင်းအဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းတည်ဆောက်ခဲ့မှုအခြေအနေကို မေးမြန်းဆွေးနွေးပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ခဲ့သည့် ပန်းတင်-ပေပင်လေး-ကူကွဲလမ်းပိုင်းသို့ ရောက်ရှိကြသည်။ လမ်းမကြီးအား သစ်တောများ၊ တောင်ကုန်းတောင်စွယ်များကို ဖြတ်သန်း၍ ခက်ခဲစွာ ဖောက်လုပ်ထားသည်ကို တွေ့ရသည်။ အတက်အဆင်း အကွေ့အကောက်နည်းပါးသည်။ မိုင်တိုင်အမှတ်အသားများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေးဆိုင်းဘုတ်များကိုလည်း စိုက်ထူထားသည်။ နှစ်လမ်းသွားလမ်းအလယ်တွင် ယာဉ်ကြောပြမျဉ်းအဖြူကို ရေးဆွဲထားသည်။ မျဉ်းဖြူပေါ်တွင်လည်း ညအချိန်တွင် ယာဉ်ကြောကိုမြင်သာရန် ရောင်ပြန်ပြားများတပ်ဆင်ထားသည်။ လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ စိုက်ပျိုးထားသည်။ မြေသားလမ်းဘေးတွင်လည်း လေကာပင်များ စိုက်ပျိုးထားသည်ကိုလည်း တွေ့ရသည်။

ပန်းတင်-ပေပင်လေး-ကူကွဲအပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး စိုးစည်က ပန်းတင်-ဆင်သေချောင်းလမ်းပိုင်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက ဆင်သေချောင်း-ပေပင်လေးလမ်းပိုင်းနှင့် ဗိုလ်မှူးနိုင်အောင်ဝင်းနှင့် ဗိုလ်မှူးစိုးလှိုင်တို့က ပေပင်လေး-ကူကွဲလမ်းပိုင်း တို့တွင် စီမံကိန်းအင်ဂျင်နီယာများအဖြစ် အသီးသီးတာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

စီမံကိန်းအင်ဂျင်နီယာဖြစ်သူ ဒုတိယဗိုလ်မှူးကြီး စိုးစည်က "ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဖောက်လုပ်တဲ့ ပန်းတင်-ပေပင်လေး-ကူကွဲလမ်းပိုင်းမှာ ကျွန်တော်က မိုင်တိုင် အမှတ်(၂၂၁/၁)က (၂၄၂/၄)ထိ ၂၁ မိုင် သုံးဖာလုံရှိတဲ့ ပန်းတင်-ဆင်သေချောင်းလမ်းပိုင်းကို ဖောက်လုပ်ခဲ့ပါတယ်။ နိုင်ငံတကာအဆင့်မီလမ်းဖြစ်အောင် ပုံစံထုတ်ရေးဆွဲထားတဲ့အတိုင်း အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါတယ်။

"ယခင် ရန်ကုန်-နေပြည်တော်လမ်းပိုင်း ဖောက်လုပ်စဉ်က ရိုးမတောင်ခြေက ကပ်ပြီးဖောက်လုပ်ခဲ့တဲ့အတွက် ပြေပြစ်ပြီး ယခုလမ်းမှာတော့ တောင်ကြောပေါ်က ဖြတ်ပြီးဖောက်လုပ်ရပါတယ်။ လျှိုမြောင်က မတ်စောက်မှုပိုများပြီး လမ်းအတက်အဆင်းနဲ့ အကွေ့အကောက်တွေကို သတ်မှတ်မိုင်နှုန်းဖြင့် မောင်းနှင်နိုင်အောင် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ မြေကြီးလုပ်ငန်းပမာဏက ပိုများပြီးတော့ သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် စက်၊ ယာဉ်၊ ယန္တရားအင်အား၊ လူအင်အားကို နေ့ညမနား စွမ်းအားပြည့် လုပ်ဆောင်ခဲ့ရပါတယ်။

"ကျွန်တော့်လမ်းပိုင်းမှာ အမြန်လမ်းနဲ့ ချိတ်ဆက်ထားတဲ့လမ်းနှစ်လမ်းက နေပြည်တော်-တောင်ညို-ချောင်းနက်- တောင်တွင်းကြီးလမ်းနဲ့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နဲ့ ဆက်သွယ်တဲ့လမ်းပါ။ ဒီလမ်းတွေကနေ လမ်းမကြီးနဲ့ ဆက်သွယ်သွားလာနိုင်အောင် ဆက်သွယ်ရေးလမ်းတွေ တည်ဆောက်ထားပါတယ်။

လမ်းမကြီးကို တည်ဆောက်ရာမှာ ပြည်တွင်းမှာပဲ ဒီဇိုင်းထုတ်ပြီး မိမိအရာရှိ စစ်သည်တွေနဲ့ပဲ ဆောက်ခဲ့ပါတယ်။ အဓိကကုန်ကြမ်းများဖြစ်တဲ့ ဘိလပ်မြေ၊ သံချောင်းလုံး၊ သံမဏိတံတား သံပေါင်ရက်မ ကအစ ပြည်တွင်းကပဲ ရရှိခဲ့ပါတယ်။ ကွန်ကရစ်လမ်း အောက်ခံမြေသားကို ရေစိမ့်ဝင်ရင် နိမ့်ကျကျွံဝင်တာ ဖြစ်တတ်ပါတယ်။ ရေကြောင့် ဖြစ်နိုင်တဲ့ ပျက်စီးမှုတွေကို ကြိုတင်ကာကွယ်ဖို့ လမ်းမျက်နှာပြင်ပေါ် ရေမတင်ဖို့ ရေနုတ်မြောင်းငယ်၊ ရေသွယ်မြောင်းငယ် တည်ဆောက်၍ ရေသွယ်ထုတ်ခြင်း၊ လမ်းဘေးရေမြောင်းနှင့် ရေစီးရေလာကောင်းအောင် တည်ဆောက်ထိန်းသိမ်းထားခြင်း၊ လမ်းနယ်နိမိတ်အတွင်းမှာ ရေမအိုင်အောင်၊ ရေကန်တွေ မဖြစ်အောင် ထိန်းသိမ်းထားခြင်းဆိုတဲ့ အချက်သုံးချက်နဲ့အညီ လမ်းကို တည်ဆောက်ထားပါတယ်။ ဒါ့အပြင် ကွန်ကရစ်လမ်းမျက်နှာပြင် နိမ့်ကျကျွံဝင်မှု ရှိ၊ မရှိကို မြေတိုင်းကိရိယာတွေအသုံးပြုပြီး အမြဲစစ်ဆေးခြင်း၊ ကွန်ကရစ်လမ်းသားအောက် အလွယ်တကူ ရေမဝင်နိုင်အောင် လမ်းတစ်ဖက်တစ်ချက် ကွန်ကရစ်လမ်းပခုံးနဲ့ ရေပိတ်လွှာများ ထည့်သွင်းတည်ဆောက်ထားခြင်းတို့ကိုလည်း ဆောင်ရွက်ထားပါတယ်။

"အမြန်လမ်း သာယာလှပအောင် လမ်းလယ်ကျွန်းမှာ ခရေ၊ တမာ၊ ရေတမာ၊ ထန်း၊ စက္ကူ၊ နွယ်သာကီ၊ ပန်းအိပင်များကို စိုက်ပျိုးထားပြီး လမ်းဘေးအရိပ်ရ လေကာပင်အဖြစ် ကုက္ကိုပင်တွေကို စိုက်ပျိုးထားပါတယ်။ ဒီလမ်းကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိတဲ့ဝန်ထမ်းများက အမြဲမပြတ်ပြုပြင်နေသလိုပဲ ဒေသခံပြည်သူတွေကလည်း မိမိရပ်ရွာနဲ့ ထပ်တူထပ်မျှ ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုအပ်ပါတယ်။ ခရီးသွားပြည်သူတွေကလည်း လမ်းစည်းကမ်းနဲ့အညီ အမြန်လမ်းမကြီးကို အသုံးပြုသွားဖို့ တိုက်တွန်းလိုပါတယ်"ဟု ပြောကြားသည်။

အလားတူ စီမံကိန်းအင်ဂျင်နီယာတစ်ဦးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက "ကျွန်တော်က မိုင်တိုင်အမှတ်(၂၄၂/ ၄) ဆင်သေချောင်းတံတားမှ မိုင်တိုင်အမှတ် (၂၆၂/၂) ပေပင်လေးအထိ ၁၉ မိုင် ခြောက်ဖာလုံကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

"လမ်းဖောက်လုပ်ရာမှာ ပထမအဆင့်ဖြစ်တဲ့ မြေကြီးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာမှာ သတ်မှတ်ထားတဲ့ လမ်းအကျယ် လမ်းတာပေါင်အမြင့်နဲ့ သိပ်သည်းမှုရရှိအောင် အလွှာလိုက်ကြိတ်ပြီးဆောင်ရွက်ရပါတယ်။ မြေကြီး လုပ်ငန်းပြီးစီးလို့ ဒုတိယအဆင့် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာလည်း ကွန်ကရစ်ဒုအနေနဲ့ အခြေခံလွှာ ခြောက်လက်မဒု၊ အပေါ်ယံလွှာ ၁၂ လက်မဒု စုစုပေါင်း ၁၈ လက်မဒု ခင်းရပါတယ်။ လမ်းကို သတ်မှတ်ခံနိုင်ဝန်၊ သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် တည်ဆောက်ထားပါတယ်။ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းညွှန်အမှတ်အသား (Road Sign) တွေ၊ လမ်းအကာအကွယ်တိုင် (Guard Post) တွေကို တည်ဆောက်ထားပါတယ်။ ယခု ကျွန်တော်တို့ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူရတဲ့အပိုင်းမှာယာဉ်အသုံးပြုခ ကောက်ခံရေးစခန်း(Toll Gate)တစ်ခုနဲ့ ယာဉ်ရပ်နား စခန်း (Rest Camp)တစ်ခု ထည့်သွင်းတည်ဆောက်ထားပါတယ်။ (Toll Gate) မှာ ယာဉ်တွေ အခက်အခဲမရှိ လွယ်ကူစွာသွားလာနိုင်ဖို့ (Computer System) နဲ့ နိုင်ငံတကာအဆင့်မီ အသုံးပြုနေတဲ့ ငွေကောက်ခံရေးစနစ်၊ အချိန်နှင့် တစ်ပြေးညီ အစီရင်ခံနိုင်တဲ့စနစ်နဲ့ ဂိတ်တစ်ခုနဲ့တစ်ခု ဆက်သွယ်ရေးစနစ်တွေ၊ လုံခြုံရေးစနစ်တို့ကိုပါ ချိတ်ဆက်အသုံးပြုနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ ယာဉ်ရပ်နားစခန်းမှာလည်း ယာဉ်များ ရပ်နားနိုင်ဖို့အတွက် ယာဉ်ရပ်နားရန်နေရာ၊ စက်သုံးဆီအရောင်းဆိုင်၊ စားသောက်ဆိုင်နဲ့ ယာဉ်ပြင်အလုပ်ရုံတွေကို တည်ဆောက်ထားတဲ့အပြင် တည်းခိုဆောင်များကိုလည်း ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒေသခံမြို့ရွာတွေကနေ အမြန်လမ်းမကြီးနဲ့ ချိတ်ဆက်ပြီး လိုရာခရီးကို လွယ်ကူချောမွေ့စွာ သွားလာနိုင်ဖို့ရည်ရွယ်ပြီး နေပြည်တော်-တောင်တွင်းကြီးလမ်း၊ နေပြည်တော်တပ်ကုန်းလမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းနဲ့ ဆက်သွယ်ထားတဲ့ လမ်းသုံးလမ်း ဖောက်လုပ်ထားပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ဒုတိယဗိုလ်မှူးကြီးမြင့်ဦး တာဝန်ယူတည်ဆောက်သည့် လမ်းပိုင်းတွင် မြေသားလုပ်ငန်းကို ကြီးကြပ်ဖောက်လုပ်ခဲ့သူ လက်ထောက်စီမံကိန်းအင်ဂျင်နီယာ ဗိုလ်ကြီးနီဝင်းထွန်းကလည်း "မြေသားလမ်းတည်ဆောက်ခြင်းအနေနဲ့ ပထမဦးစွာ လမ်းအူကြောင်း ရှာဖွေရာမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီး(လမ်းပုံထုတ်ဌာန)နဲ့ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အတည်ပြုပြီးတဲ့ လမ်းအူကြောင်းရရှိပြီးတဲ့နောက်မှာ မြေတိုင်းတာခြင်း၊ လမ်းပုံစံထုတ်လုပ်ခြင်း၊ လမ်းအူကြောင်းတစ်လျှောက် တစ်ကြောင်းထိုးလုပ်ငန်း ဆောင်ရွက်ခြင်းနဲ့ မြေအမျိုးအစား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ တစ်ကြောင်းထိုးလုပ်ငန်း ဆောင်ရွက်ပြီးတဲ့နောက် အပေါ်ယံမြေလွှာ ဖယ်ရှားခဲ့ရာမှာ လမ်းနယ်အကျယ် ပေ ၃၆၀ အတွင်းရှိ သစ်ငုတ်၊ ဝါးငုတ်တွေနဲ့ မြေအမျိုးအစားညံ့တဲ့ ရွှံ့နွံတွေ၊ ဆပ်ပြာကျင်းတွေနဲ့ ဆားကျင်းတွေကို ဖယ်ရှားစွန့်ထုတ်ပစ်ရပါတယ်။

နေပြည်တော်-မန္တလေးလမ်းပိုင်းတစ်နေရာ၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အဲဒီနောက် သတ်မှတ်တဲ့ လမ်းပုံစံအတိုင်းဖြစ်အောင် တောင်ကုန်းတွေကို မြေဖြတ်၊ လျှိုမြောင်တွေကို မြေဖို့တဲ့လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ သတ်မှတ်ထားတဲ့ မြေသားလမ်းအဆင့်ဖြစ်အောင် နေရာတော်တော်များများမှာ အရည်အသွေးမီတဲ့ မြေသားနဲ့အစားထိုးပြီး မြေဖို့ရပါတယ်။

"မြေသားလမ်းဆောင်ရွက်ရာမှာ မိုင်တိုင်အမှတ် (၂၅၃/၄)ရှိ ပျမ်းမျှအမြင့် ၅၂ ပေ၊ အလျား ပေ ၂၇၀၀ ရှိတဲ့ ကျောက်ကြားကုန်းနဲ့ မိုင်တိုင်အမှတ် (၂၅၀/၆)ရှိ ပျမ်းမျှအမြင့် ၅၄ ပေ၊ အလျား ပေ ၃၀၀၀ ရှိတဲ့ သပြေစမ်းကုန်းတို့ဟာ သက်နုသဲကျောက်တောင်ကုန်းများဖြစ်ပြီး မိုင်းခွဲထုတ်မရ၊ မြေတူးစက်ကြီးများနဲ့လည်း တူးထုတ်မရတာမို့ မြေထိုးစက်ကြီးများမှာပါတဲ့ ဂျစ်တံ (Ripper)နဲ့ခွဲ၊ လိုင်းဖော်ရေနူးပြီး မြေထိုးစက်ယန္တရားများစွာ အသုံးပြုဆောင်ရွက်ခဲ့ရပါတယ်။ ၇၄ ပေ အမြင့်ရှိတဲ့ အင်းကုန်းနဲ့ ၆၈ ပေအမြင့်ရှိတဲ့ ကျောက်မိုးရိုးကုန်း၊ ၆၂ ပေ အနက်ရှိတဲ့ ကျောက်ကြားလျှို၊ ၄၅ ပေ အနက်၊ ပေ ၆၀၀ အလျားရှိတဲ့ ကျောက်မိုးလျှို အစရှိသဖြင့် လျှို ၂၆ ခု၊ ရင်ဂါတ်ကုန်းချောင်းတံတား၊ သာစည်ချောင်းတံတားနဲ့ စည်းခုံချောင်းတံတား၊ အိုင်ဝန်းချောင်း မြောက်ဘက်က ၂၄ ပေ အနက်၊ ပေ ၄၅၀ အလျားရှိတဲ့ နွံတောနဲ့ သိုက်တောရိုးက ၁၉ ပေ အနက်၊ ပေ ၈၀၀ အလျားရှိ နွံတောတို့ကို ဖြတ်သန်းတည်ဆောက်ခဲ့ရာမှာ ခက်ခဲစွာ ဖြို၊ ချ၊ တူးထုတ်စွန့်ပစ်ပြီးမှ သဲကျင်းများစွာထည့်ပြီး စနစ်တကျအလွှာလိုက် ဖို့ခဲ့ရပါတယ်။ နေရာအနှံ့အပြားမှာ ကယ်လ်စီယမ်ဓာတ်နှင့် မဂ္ဂနီစီယမ်ဓာတ်များပြားမှုကြောင့် ဆားကျင်းများ၊ ဆပ်ပြာကျင်းမြေများ တွေ့ရတဲ့အတွက် ဒီမြေတွေ ကုန်စင်အောင် တူးထုတ်စွန့်ပစ်ခဲ့ရပြီး သဲကျင်းပေါင်းများစွာနဲ့ အလွှာလိုက် (Layer by Layer) ထည့်ပြီး ရေအား (Hydrauic Pressure) ဖြင့် တစ်လွှာချင်း ဖို့သိပ်ခဲ့ရပါတယ်။ ဒီအခက်အခဲတွေကို ယန္တရားနဲ့ လူအင်အားများစွာ အသုံးပြုပြီး နေ့မနားညမနား ခက်ခဲစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်"ဟု ရှင်းပြသည်။

အလားတူ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သူ လက်ထောက်စီမံကိန်း အင်ဂျင်နီယာ ဗိုလ်ကြီးအောင်သက်ဦးက ကွန်ကရစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် "ကွန်ကရစ်ခင်းရာမှာ အရင်ဆုံး သတ်မှတ် Level ရရှိတဲ့ မြေပြင်ပေါ်မှာ နှစ်လက်မဒု သဲဖြန့်ခင်း၊ ရေဖျန်း၍ လမ်းကြိတ်ပြီး အခြေခံလွှာ တည်ဆောက်ဖို့ ပြင်ဆင်ရပါတယ်။ အဲဒီနောက် ကွန်ကရစ်ခင်းစက်နဲ့ ခင်းနိုင်ဖို့အတွက် (Level, Sensor)တိုင်များ စိုက်ထူခြင်း အစရှိတဲ့ မြေတိုင်းလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ ညီညွတ်စေဖို့အတွက် ကွန်ကရစ်ဖျော်စက်များမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အရည်အသွေးထိန်းကွပ်ရေးအဖွဲ့များနဲ့ ကြီးကြပ်ဆောင်ရွက်ပါတယ်။

"ဒီလုပ်ငန်းစဉ်တွေ စီစဉ်ဆောင်ရွက်ပြီးတဲ့နောက် ကွန်ကရစ်ဖျော်စက်က လိုအပ်တဲ့ အချိုးအစားအတိုင်း သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ကွန်ကရစ်ဖျော်စပ်ပြီး ကွန်ကရစ်ခင်းစက်ကို ပေးပို့ပြီးတဲ့နောက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ပါတယ်။

"အခြေခံလွှာကို ခင်းပြီးလျှင်ပြီးချင်းမှာ ကွန်ကရစ်မာခြင်းအဆင့် တိုးတက်အောင် ဓာတုဆေးရည်ဖျန်းပြီး ကွန်ကရစ်အသားနှပ်ရပါတယ်။ အခြေခံလွှာ တည်ဆောက်ပြီး အပေါ်ယံလွှာ ဆက်လက်တည်ဆောက်ရာမှာလည်း ကွန်ကရစ်ခင်းစက်က ခင်းပြီးပြီးချင်းမှာ မော်တော်ယာဉ်များ ဘီးချော်ထွက်မှု အန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် ဘီးခြစ်တံနဲ့လိုင်းတွေ ဖော်ပေးရပါတယ်။ ကွန်ကရစ်

နေပြည်တော်-မန္တလေးလမ်းပိုင်း

ခင်းတဲ့နေရာမှာ မလိုလားအပ်တဲ့ ကွန်ကရစ်အက်ကွဲမှု မဖြစ်ပေါ်စေဖို့အတွက်လည်း ကွန်ကရစ်ဖြတ်စက်နဲ့ ဖြတ်ပေးရသလို ကွန်ကရစ်မာခြင်းအဆင့် ရရှိပြီးနောက် ကွန်ကရစ်ဖြတ်ကြောင်း တွေကို ရေစိမ့်ဝင်မှုမရှိစေဖို့အတွက်လည်း ကတ္တရာသိပ်ပေးရပါတယ်။ ဒီလိုသိပ်တဲ့အခါမှာ စက်ဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်တို့မှာ ပျော်ဝင်ခြင်းမရှိ၊ အထူးစီမံပြုလုပ်ထားတဲ့ ကတ္တရာကို ကတ္တရာသိပ်စက်နှင့် ၁၂၀ စင်တီဂရိတ်ကနေ ၁၄၀ စင်တီဂရိတ်အထိ အပူပေးပြီး ကတ္တရာသိပ်ရပါတယ်။ အဲဒီနောက်မှာ လမ်းပခုံးသား မြေသားလမ်း တည်ဆောက်ပြီးနောက် ကွန်ကရစ်လမ်းကို စတင်အသုံးပြုနိုင်ပါပြီ။

"မိုးရာသီအတွင်း ကွန်ကရစ်ခင်းရာမှာ သတ်မှတ်စံချိန်စံညွှန်းရရှိပြီး ကွန်ကရစ်မျက်နှာပြင် မပျက်စီးစေဖို့ အထူးကြီးကြပ် ထိန်းသိမ်းဆောင်ရွက်ရပါတယ်။ ကွန်ကရစ်ခင်းနေတုန်း မိုးရွာသွန်းခဲ့ပါက ကွန်ကရစ်မျက်နှာပြင် မပျက်စီးစေဖို့ တာပေါ်လင်စတွေကို လူအင်အား အများအပြားနဲ့ ဆွဲဖြန့်ဖုံးအုပ်ထားပြီး မိုးတိတ်တဲ့အခါ ကွန်ကရစ်မျက်နှာပြင် ပြန်လည်ချောမွတ် ညီညာစေဖို့ အထူးဂရုစိုက် ဆောင်ရွက်ရပါတယ်။ အလျားလိုက် လျှောစောက် (Superelevation) နေရာတွေမှာ ကွန်ကရစ်ခင်းတဲ့အခါ သတ်မှတ်ထားတဲ့အလျားလိုက် လျှောစောက်ဒီဂရီ ရရှိဖို့အတွက် ကွန်ကရစ်ခင်းခြင်း (Concrete Paving) ကို မြေတိုင်းအဖွဲ့ (Surveyor) နဲ့ ခင်းစက်တာဝန်ခံတွေက အထူးဂရုစိုက်ပြီး ဆောင်ရွက်ခဲ့ရပါတယ်" ဟု ပြောကြားသည်။

ပေပင်လေး-ကူကွဲအပိုင်းကို စီမံကိန်းအင်ဂျင်နီယာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဗိုလ်မှူးနိုင်အောင်ဝင်းက လမ်းဖောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ "လမ်းတည်ဆောက်ရာမှာ ရေရှည်တည်တံ့ခိုင်မြဲအောင် 'ရေ' ကို စနစ်တကျ ထိန်းချုပ်ရပါတယ်။ ရေမှာလည်း မြေပေါ်ရေ၊ မြေအောက်ရေဆိုပြီး အကြမ်းဖျင်း တွေ့ရမှာဖြစ်ပါတယ်။ မြေပေါ်ရေဆိုတာကတော့ အများအားဖြင့် မိုးရေဖြစ်ပြီး လမ်းပေါ် ရေမတင်စေဖို့ လမ်းမျက်နှာပြင် စောင်းထားရပါတယ်။ အမြန်လမ်းမကြီးမှာ လမ်းမျက်နှာပြင်လျှောစောက် (Camber)၊ လမ်းအလျားလျှောစောက် (Gradient)တို့ကို သတ်မှတ်စံချိန်နဲ့အညီ တည်ဆောက်ထားပါတယ်။ လမ်းကွေ့နေရာတွေမှာလည်း ရေမဝပ်စေဖို့ အထူးဂရုပြုဆောင်ရွက်ထားပါတယ်။ လမ်းကွေ့အစောင်းရာခိုင်နှုန်းကို လမ်းအကွေ့ရဲ့ အချင်းဝက်၊ အမြန်နှုန်းနဲ့ ပွတ်မှုအားတို့အပေါ် မူတည်ပြီး စနစ်တကျတွက်ချက်ပုံစံထုတ် တည်ဆောက်ထားတာပါ။ ဒါ့အပြင် လမ်းဘေးရေမြောင်းနဲ့ လမ်းလယ်ကျွန်း ရေမြောင်းတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်ထားပါတယ်။ နောက်တစ်ခုက
ကျွန်းမှတစ်ဆင့် ရေများလမ်းအောက်ခံမြေသ
နိုင်ဖို့အတွက် ရေပိတ်လွှာတွေ၊ မြေအောက်
တွေမှာ လမ်းအောက်ခံမြေသားအောက်
တည်ဆောက်ထားပါတယ်"ဟု ရှင်းလင်းပြေ

ဆက်လက်၍ အမြန်လမ်းမကြီးကို
အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအ
ကုန်းတက်လျှောစောက်(Gradient)၊ လမ်း
(Superelevation Rate)တို့ကိုလည်း စန
ထို့အပြင် သတိပေးအမှတ်အသား၊ လမ်းညွှ
အကွယ်တိုင်များကိုလည်း လိုအပ်ချက်ရှိသ
ကြောင်း၊ လမ်းမျက်နှာပြင်အပေါ်တွင်လည်
အနားသတ်မျဉ်းများ ရေးဆွဲထားကြောင်
မောင်းနှင်နိုင်ရန်အတွက် လမ်းကွေ့၊ ကုန်းဆ
နေရာတိုင်းတွင် ရောင်ပြန်မီးလုံးများ တပ်
ပေါ်တွင်လည်း မြင်ကွင်းကောင်းစေရန်(Sol
ဖြင့် ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီ
ဖောက်လုပ်သည့် လမ်းပိုင်းတွင် ပေ ၁၈၀
အထက်နှင့် ပေ ၁၈၀ အောက် တံတား ၂
စင်း၊ လမ်းအောက်လျှိုတံတား ၁၁ စင်းနှင့် ကွ
တည်ဆောက်ထားသည်။ နေပြည်တော်-မန္တ
နှင့်အတူ ရန်ကုန်မှ မန္တလေးသို့ အချိန်တိုအ
နိုင်တော့မည်ဖြစ်သည်။ ရန်ကုန်-မန္တလေး လ
တို့ကို နှိုင်းယှဉ်မည်ဆိုပါက လမ်းဟောင်းက
ခြောက်ဖာလုံသာရှိသည်။ ယာဉ်မောင်းချိန်မှာ
ပြီး လမ်းသစ်က ၇ နာရီခန့်သာ ကြာမြင့်မည်
လမ်းဟောင်းက တန် ၄၀ ဖြစ်ပြီး လမ်း
သွားနှုန်းမှာ လမ်းဟောင်းတွင် ကီလိုမီတ
လမ်းသစ်က ကီလိုမီတာ ၁၀၀ နှုန်း မောင်းနှင်
ဖြစ်သည့် အမြန်လမ်းမကြီးက လမ်းဟောင်း
ခံနိုင်ဝန်လည်း မြင့်မားသည်ဖြစ်ရာ ယာဉ်မျ
မည်ဖြစ်သည်။

အလားတူ ရန်ကုန်-မန္တလေးအမြန်လမ်
အညီ လမ်းအသုံးပြုခကောက် ခံရေးစခန်း၊
ရဲစခန်းတို့ကိုလည်း ထည့်သွင်းတည်ဆောက်

လမ်းအသုံးပြုခကောက်ခံရေးစခန်းမျ
တွင် အမှတ်(၃) လမ်းဆုံ၊ ဖြူးမြို့နှင့် နေ
နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် မိတ္ထီလ
လမ်းဆုံတို့၌ တည်ဆောက်ထားသည်။ ယာ
နေပြည်တော်လမ်းပိုင်းတွင် ဖြူးမြို့လမ်းဆုံတွ
ဘောနက်ကြီးနှင့် နေပြည်တော်လမ်းဆုံတို့တွ
နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် သီး
တည်ဆောက်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်
ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့မှ
တပ်မတော်သားများ၏ နေ့ညမနား အား
လမ်းမကြီးအကောင် အထည်ဖော်ရေးဦးစီး
ကော်မတီတို့အပါအဝင် ကော်မတီအသီးသီး
အနီးကပ်ကြီးကြပ်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ဝ
ပေးခဲ့မှုများကြောင့် ယခင်က အိပ်မက်ပမာ
ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

အမြန်လမ်းမကြီးကို ဖောက်လုပ်ခဲ့
ဆည်မြောင်းတာတမံများ၊ မြို့နှင့် ကျေးလက်
နိုင်ငံတော်၏ အဂ္ဂမဟာဗျူဟာအရ အသက်
ကြောင်းအဖြစ် လေ့လာသုံးသပ်ပြီးနောက်
လျာထားသတ်မှတ်ပေးသော လမ်းကြော
လမ်းမကြီးအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်
လိုအပ်သည့် ရန်ကုန်-မန္တလေးအမြန်လမ်းမ
နှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်
နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာသမိုင်းမှတ်တိုင်
ဖောက်လုပ်ခဲ့ရာတွင် ပြည်ပအကူအညီမပါ
ကိုသာ အသုံးပြုပြီး ပြည်တွင်းမှ အတတ်
တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ရာ နိုင်ငံ
တိုးတက်လာခြင်းကို ပြသနိုင်ခြင်းပင်ဖြစ်သ
များ၏ အတတ်ပညာစွမ်းပကားမြင့်မားမှုနှ
ကြိုးပမ်းအားထုတ်မှုတို့ကို လမ်းမကြီးက သ
တင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလို

ဆောင်ရွက်ထားပါတယ်။ နောက်တစ်ခုက မြေအောက်ရေအပိုင်းမှာ လမ်းလယ်ကျွန်းမှတစ်ဆင့် ရေများလမ်းအောက်ခံမြေသားဆီသို့ အလွယ်တကူ မဝင်ရောက်နိုင်ဖို့အတွက် ရေပိတ်လွှာတွေ၊ မြေအောက်ရေမြင့်တက်နေတတ်တဲ့ အချို့နေရာတွေမှာ လမ်းအောက်ခံမြေသားအောက်မှာ ရေစစ်လွှာတွေကို ထည့်သွင်းတည်ဆောက်ထားပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေသည့်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းကွေ့ဒီဂရီ၊ ကုန်းဆင်း၊ ကုန်းတက်လျှောစောက်(Gradient)၊ လမ်းကွေ့မျက်နှာပြင် အစောင်းရာခိုင်နှုန်း (Superelevation Rate)တို့ကိုလည်း စနစ်တကျ တည်ဆောက်ထားကြောင်း၊ ထို့အပြင် သတိပေးအမှတ်အသား၊ လမ်းညွှန်အမှတ်အသားနှင့် လမ်းဘေး အကာအကွယ်တိုင်များကိုလည်း လိုအပ်ချက်ရှိသည့် နေရာတိုင်းတွင် ဆောင်ရွက်ထားကြောင်း၊ လမ်းမျက်နှာပြင်အပေါ်တွင်လည်း လမ်းအလယ်ယာဉ်ကြောလိုင်းနှင့် အနားသတ်မျဉ်းများ ရေးဆွဲထားကြောင်း၊ ညအချိန် ယာဉ်များကောင်းစွာ မောင်းနှင်နိုင်ရန်အတွက် လမ်းကွေ့၊ ကုန်းဆင်း၊ ကုန်းတက်နှင့် လိုအပ်ချက်ရှိသည့် နေရာတိုင်းတွင် ရောင်ပြန်မီးလုံးများ တပ်ဆင်ပေးထားကြောင်း၊ တံတားများပေါ်တွင်လည်း မြင်ကွင်းကောင်းစေရန်(Solar) မီးတိုင်များ တပ်ဆင်ထားကြောင်း ဖြင့် ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူဖောက်လုပ်သည့် လမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားရှစ်စင်း၊ ပေ ၅၀ အထက်နှင့် ပေ ၁၈၀ အောက် တံတား ၂၃ စင်း၊ ပေ ၅၀ အောက် တံတား ၂၉ စင်း၊ လမ်းအောက်လျှိုတံတား ၁၁ စင်းနှင့် ကွန်ကရစ်ရေပြွန်တံတား ၁၀၂ စင်းတို့ကို တည်ဆောက်ထားသည်။ နေပြည်တော်-မန္တလေးလမ်းပိုင်း တည်ဆောက်ပြီးစီးမှုနှင့်အတူ ရန်ကုန်မှ မန္တလေးသို့ အချိန်တိုအတွင်း တောက်လျှောက် သွားရောက်

နေပြည်တော်-မန္တလေးလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

နိုင်တော့မည်ဖြစ်သည်။ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် ယခုအမြန်လမ်းမကြီးတို့ကို နှိုင်းယှဉ်မည်ဆိုပါက လမ်းဟောင်းက ၄၁၂ မိုင်ရှိပြီး လမ်းသစ်က ၃၅၂ မိုင်ခြောက်ဖာလုံသာရှိသည်။ ယာဉ်မောင်းချိန်မှာ လမ်းဟောင်းတွင် ၁၄ နာရီခန့်ကြာမြင့်ပြီး လမ်းသစ်က ၇ နာရီခန့်သာ ကြာမြင့်မည်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ လမ်းဟောင်းက တန် ၄၀ ဖြစ်ပြီး လမ်းသစ်က တန် ၈၀ ဖြစ်သည်။ ယာဉ်သွားနှုန်းမှာ လမ်းဟောင်းတွင် ကီလိုမီတာ ၆၀ နှုန်းသာ မောင်းနှင်နိုင်ပြီး လမ်းသစ်က ကီလိုမီတာ ၁၀၀ နှုန်း မောင်းနှင်နိုင်မည်ဖြစ်သည်။ ထို့အပြင် လမ်းသစ်ဖြစ်သည့် အမြန်လမ်းမကြီးက လမ်းဟောင်းကဲ့သို့ မြို့ရွာများကို ဖြတ်သန်း မသွားဘဲ ခံနိုင်ဝန်လည်း မြင့်မားသည်ဖြစ်ရာ ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်သည်။

အလားတူ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် လမ်းမကြီး၏ အင်္ဂါရပ်နှင့်အညီ လမ်းအသုံးပြုခကောက် ခံရေးစခန်း၊ ယာဉ်ရပ်နားစခန်းနှင့် လမ်းလုံခြုံရေးရဲစခန်းတို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

လမ်းအသုံးပြုခကောက်ခံရေးစခန်းများမှာ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမှတ်(၃) လမ်းဆုံ၊ ဖြူးမြို့နှင့် နေပြည်တော်လမ်းဆုံတို့တွင်ဖြစ်သည်။ နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် မိတ္ထီလာမြို့အနီး သီးကုန်းနှင့် စကားအင်းလမ်းဆုံတို့၌ တည်ဆောက်ထားသည်။ ယာဉ်ရပ်နားစခန်းများအနက် ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် ဖြူးမြို့လမ်းဆုံတွင် တည်ဆောက်ထားပြီး ပဲခူးမြို့အနီး ဘောနက်ကြီးနှင့် နေပြည်တော်လမ်းဆုံတို့တွင်လည်း တည်ဆောက်လျက်ရှိသည်။ နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် သီးကုန်းနှင့် စကားအင်းလမ်းဆုံတို့တွင် တည်ဆောက်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့မှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တပ်မတော်သားများ၏ နေ့ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လမ်းမကြီးအကောင် အထည်ဖော်ရေးဦးစီးကော်မတီနှင့် ဖောက်လုပ်ရေးလုပ်ငန်းကော်မတီတို့အပါအဝင် ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ဝန်ကြီးဌာနအသီးသီးတို့က ပံ့ပိုးကူညီပေးခဲ့မှုများကြောင့် ယခင်က အိပ်မက်ပမာ မျှော်လင့်ခဲ့ရသော အမြန်လမ်းမကြီး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

အမြန်လမ်းမကြီးကို ဖောက်လုပ်ခဲ့ရာတွင် လက်ရှိအနေအထားအရ ဆည်မြောင်းတာတမံများ၊ မြို့နှင့် ကျေးလက်ဒေသအခြေအနေများကိုလေ့လာကာ နိုင်ငံတော်၏ အဂ္ဂမဟာဗျူဟာအရ အသက်သွေးကြောသဖွယ် လိုအပ်သောလမ်းကြောင်းအဖြစ် လေ့လာသုံးသပ်ပြီးနောက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လျာထားသတ်မှတ်ပေးသော လမ်းကြောင်းအတိုင်း ရှစ်လမ်းသွားကွန်ကရစ် လမ်းမကြီးအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်ရာတွင် အမှန်တကယ်လိုအပ်သည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာသမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။ ထို့အပြင် လမ်းမကြီးဖောက်လုပ်ခဲ့ရာတွင် ပြည်ပအကူအညီမပါဘဲ ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကိုသာ အသုံးပြုပြီး ပြည်တွင်းမှ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာခြင်းကို ပြသနိုင်ခြင်းပင်ဖြစ်သည်။ အလားတူ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားမြင့်မားမှုနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုတို့ကို လမ်းမကြီးက သက်သေသာဓကအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက် စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ မြန်မာ့ရှုခင်း
- ၄း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၈။ လျှပ်တစ်ပြက်
- ၄း၄၀ ၉။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၄၅ ၁၀။ ရွှေဟောင်းသုတ
- ၅း၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂၅)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၅။ **Mail Box**
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ(အပိုင်း -၃၃)
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အိပ်မက်ကောင်းကင်" (အပိုင်း-၁၇)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ပြည်ထောင်စု အမြန်လမ်းမကြီးဖွင့်ပွဲ ဂုဏ်ပြုအစီအစဉ် "ချစ်သူတို့ရဲ့ပန်းခင်းလမ်း" (နေမင်း၊ နန်းဆုရတီစိုး) (ဒါရိုက်တာ-မလိခ စိုးထိုက်အောင်)
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -တော်ပါပေ. . . . . တော်ပါပေတယ် (စုမီ၊အရိုင်း၊ ကင်းကောင် ငှက်ပျောကြော်၊ဖိုးဖြူ ပြာလောင်၊မင်းညီ၊ မိုးယုစံ ကစ်ကစ်၊အေးအေးခိုင်၊ ရွှေပန်းချီ) (ဒါရိုက်တာ-ရဲဝန်းနီ)
- ၂၅။ **Internet Website** ကဏ္ဍ/အိုင်စီတီသုတ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၉)**
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီးကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

ခေါင်ဘုန်းမြင့်မော် နေပြည်တော်

❍ တန်ခိုး တေဇာ၊ ဘုန်းသမ္ဘာနှင့်
သြဘာနိမိတ်၊ အောင်အတိတ်တို့
အောင်ဟိတ်ထွန်းသစ်၊ ဖော်ညွှန်းလုစ်သည်
မြို့သစ်စံကျော် နေပြည်တော်။

❍ "ဥတ္တရသီရိ"
"ဒက္ခိဏသီရိ"
"ပုဗ္ဗသီရိ"
"ဇမ္ဗူသီရိ"
"ဇေယျာသီရိ"
သီရိ ငါးမြို့ ဂုဏ်သိန်မှို့လျက်
ကြယ်သို့ရံထား၊ "ပျဉ်းမနား" "တပ်ကုန်း"
"လယ်ဝေး" သုံးမြို့ မချို့အားသစ်
ရှစ်မြို့အတူ၊ တိုင်းသစ်ထူသည်
ဘူမိနက်သန်၊ နေပြည်တော်။

❍ မြို့သစ် ကွက်သစ်၊ အိမ်ရာသစ်နှင့်
ရုံးသစ် ကျောင်းသစ်၊ ခန်းမသစ်နှင့်
လမ်းသစ် စခန်းသစ်၊ တံတားသစ်နှင့်
ဈေးသစ် ဆိုင်သစ်၊ ဆေးရုံသစ်နှင့်
အသစ် အသစ်၊ ဖွင့်ကာလုစ်သော်
ထုဆစ်ပုံလောင်း၊ ကောင်းထက်ကောင်းအောင်
အဟောင်းတို့ထက်၊ အဘက်ဘက်ဝယ်
တိုးတက်သာလွန်၊ ကြိုးအားသွန်ခဲ့
မိုးစွန်တမွတ်၊ ကြယ်စင်ဆွတ်တိုင်
တုလွတ်စံနှုန်း၊ လွှမ်းပြည့်ဖုံးလျက်
ခေါင်ဘုန်းမြင့်မော် နေပြည်တော်။

❍ "ဥပ္ပါတသန္တိ"
နေပြည့်ထွတ်ချာ၊ စေတီသာကို
လှမ်းလာဖူးတွေ့၊ စိတ်ချမ်းမြေ့လျက်
လေ့လာဖွယ်မှန်၊ တိရစ္ဆာန်ဥယျာဉ်
ဘဝင်အေးချမ်း၊ ရေပန်းဥယျာဉ်
စုံလင်သိမှတ်၊ နက္ခတ်တာရာ
ပြခန်းသာတို့
သွားလာမကုန်၊ ရှုဖွယ်စုံလျက်
ပုံရိပ်ထွေလီ၊ သာမောစည်ဘိ
ကြည်လင်ငြိမ်းချမ်း၊ စိတ်ရွှင်လန်းဖွယ်
ကမ်းလင့်ဖိတ်ခေါ် နေပြည်တော်။

❍ တိုင်းသစ် ပြည်သစ်၊ နိုင်ငံသစ်၏
ခေတ်သစ်အစ၊ သည်ကာလဝယ်
နိုးထဖွင့်လုစ်၊ နေပြည်သစ်ကား
အသစ်ချင်းဆင့်၊ ဂုဏ်ထည်ဝင့်၍
တင့်တယ်ကျက်သရေ၊ တက်သောနေသို့
ဤမြေကမ္ဘာ၊ လွှမ်းမိုးသာလျက်
ဝေဖြာပွားတိုး၊ စည်ပင်ဖြိုးသည်
မြေမိုးသက်သေ တည်စေသော်။
ဂုဏ်ယူပါ၏ နေပြည်တော်။ ။

ဇော်မင်းမင်းဦး

လွယ်ခေါ် - မလိခ ကျောက်ချောလမ်းခင်း

မြစ်ကြီးနား ဒီဇင်ဘာ ၂၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖြစ်သော လွယ်ခေါ်- မလိခ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၉ ရက်က အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဝင်းခိုင်က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

သထုံ ဒီဇင်ဘာ ၂၈

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရုံးကြီး လမ်းဘေး ဝဲ၊ ယာ ချုံမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(သန့်) ဦးဝေယံလင်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

(၁၁)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ခုနှစ် (၁၁)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂျူဒိုအားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။

၂၀၁၀ခုနှစ် (၁၁)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက် ဂျူဒိုပြိုင်ပွဲသို့ ဝန်ကြီးဌာန ရှစ်ခုမှ ဂျူဒိုအားကစားသမား မောင်မယ် ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၁)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း အမှာစကားပြောကြားစဉ်။

(ဂျူဒိုအဖွဲ့ချုပ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတတိယနေရာလု

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သော အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အပေါ်ပုံ)**အာရှ ၄၆ နိုင်ငံမှ မသန်စွမ်း အားကစားသမားများဖြင့် ပြေးခုန်ပစ်၊ ရေကူးနှင့် ထိုင်လျက်ဘော်လီဘော ယှဉ်ပြိုင်ရာ မြန်မာမသန်စွမ်းရေကူးမှ နိုင်စစ်အောင်က မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် တတိယကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ၇ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ Northern Star Golf Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional မြန်မာပီဂျီအေအဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12)ပြိုင်ပွဲနှင့် ပြည်နယ်အတွင်း (အကျော့မဲ့၊ ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့်၊ သက်ကြီးတန်း၊ အမျိုးသမီးနှင့်အသင်းလိုက်) ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole In One ဆုရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ဦးနေမင်း ဖုန်း-၀၉-၄၉၂၇၇၅၄၅ ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

◆ မြန်မာ့ရိုးရာမှ

စိန်ခေါ်သူ ရွှေမင်းရာဇာ (ဘီလပ်မြေစက်ရုံ)တို့ ပွဲမှာ ပထမဆုံးတွေ့ကြခြင်းဖြစ်သည်။ ယခုပွဲသည် ရွှေမင်းရာဇာ၏ တန်းတက်စိန်ခေါ်ပွဲဟု ဆိုနိုင်သည်။

အခြားပွဲစဉ်များဖြစ်သည့် ဂေါ်မူဒို (T&T)နှင့် သိန်းညီညီ(အလင်းရောင်)၊ ထစ်ချုန်း (မိုးသောက်ကြယ်)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ စောလှကြည် (တောင်ကလေး)၊ တူးတူး(မကွေး)နှင့် သားကျောင်းသား (တောင်ကလေး)၊ အောင်ကျော်ထွန်း(ခရမ်း)နှင့် စောသိန်း (ကရင်ပြည်နယ်)၊ ဖိုးလပြည့် (Ever Green)နှင့် သီဟ (ကရင်ပြည်နယ်)၊ ရဲတံခွန်(အလင်းရောင်)နှင့် ဆက်နိုင် (ရက္ခဗျာရ) စိန်ခေါ်ပွဲများက ပရိသတ်နှင့် မရင်းနှီးသေးသော လက်ဝှေ့သမားလေးများ ပါဝင်နေသည်။

အဆိုပါပွဲအတွက် ဝင်ကြေးအဖြစ် ရိုးရိုးတန်း ငွေကျပ် ၅၀၀၀ နှင့် အထူးတန်း ငွေကျပ် ၈၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို (T&T) ဖုန်း- ၃၈၇၃၈၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ ။

နိုင်ငံတကာ အားကစားသတင်း

အမ်းမရိတ်တွင် အာဆင်နယ်တို့ ချယ်လ်ဆီးကို ရှုံးကြွေးပြန်ဆပ်

လန်ဒန် ဒီဇင်ဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၁၉)၏ လက်ကျန်ပွဲဖြစ်သည့် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ပွဲကို အင်္ဂါနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

လူစုံပါဝင်

အိမ်ရှင်အာဆင်နယ်တွင် ဖေဘီယမ်စကီး၊ ဆဂ္ဂနာ၊ ကော့စီရယ်နီ၊ ကလစ်ချီ၊ ဖာဘရီဂက်စ်၊ နာဆရီ၊ ဝေါလ်ကော့၊ ဆောင်း၊ ဝီရှိုင်းယား၊ ဗန်ပါစီတို့ဖြင့် လူစုံသကဲ့သို့ ဧည့်သည်ချယ်လ်ဆီးတွင်လည်း ပီတာချက်ခ်ျ၊ အီဗန်နိုဗစ်၊ အက်ရှ်လေကိုး၊ ဖာရဲယား၊ ဂျွန်တယ်ရီ၊ အက်ဆီယံ၊ လမ်းပတ်၊ မီခေးလ်၊ မာလူဒါ၊ ဒရော့ဘာ၊ ကာလူးတို့ဖြင့် လူစုံပွဲထုတ်လာခဲ့သည်။

နောက်ဆုံးငါးကြိမ်ဆက်တိုက် ချယ်လ်ဆီးကို အသာမရခဲ့သည့် အာဆင်နယ်သည် ယခုပွဲကို အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့ပြီး ချယ်လ်ဆီးအပေါ် ဘောလုံးပိုင်ဆိုင်မှု ၆၁ ရာခိုင်နှုန်းအထိ ရယူနိုင်ခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ပွဲချိန် ၄၄ မိနစ်တွင် ဆောင်း၊ ၅၁ မိနစ်တွင် ဖာဘရီဂက်စ်၊ ၅၃ မိနစ်တွင် ဝေါလ်ကော့တို့က သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် နောက်ခံကစားသမား အီဗန်နိုဗစ်က သွင်းယူခဲ့သည်။ အာဆင်နယ်သည် ယခုပွဲအနိုင်ရရှိခြင်းကြောင့် ပထမနေရာမှ မန်ယူနှင့် နှစ်မှတ်ကွာ ဒုတိယနေရာသို့ရောက်ရှိလာခဲ့သည်။ ချယ်လ်ဆီးမှာမူ ၃၁ မှတ်ဖြင့် စတုတ္ထနေရာတွင်သာ ရှိနေသည်။

အင်တာနက်။

အာဆင်နယ်အသင်းမှ ဝေါလ်ကော့ ချယ်လ်ဆီးဘက်သို့ တတိယဂိုးသွင်းယူစဉ်။

ဒီဇက်ကို ဘော့စနီးယား အကောင်းဆုံးကစားသမားဆုရ

မြူးနစ် ဒီဇင်ဘာ ၂၈

ဂျာမန်ဘွန်ဒက်စ်လီဂါမှ ဝုဖ်ဘတ်တိုက်စစ်မှူးဖြစ်သည့် ဘော့စနီးယားနိုင်ငံသား ဒီဇက်ကိုသည် ၂၀၁၀ ခုနှစ်အတွက် ဘော့စနီးယား၏ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

၂၀၁၀ ခုနှစ်တွင် ပြိုင်ပွဲအရပ်ရပ်တိုင်း၌ ၃၁ ဂိုး သွင်းယူထားနိုင်သည့် ဒီဇက်ကိုသည် ယခုဆုကို ဒုတိယအကြိမ်မြောက် ရရှိခြင်းဖြစ်သည်။ ဘော့စနီးယား၏ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုမူ ခရိုအေးရှားပြည်တွင်း လိဂ်ကလပ်မှ ဒိုင်နမိုဇာဂရက်အသင်းနည်းပြ လီယိုဒီဆစ်က ရရှိသွားသည်။

အင်တာနက်။

တရုတ်စားပွဲတင်တင်းနစ်ကြယ်ပွင့် မာလင်း တစ်နှစ်တာအကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံရ

ပေကျင်း ဒီဇင်ဘာ ၂၈

တရုတ်စားပွဲတင် တင်းနစ်ကစားသမား မာလင်းအား တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံး စားပွဲတင်တင်းနစ် ကစားသမားအဖြစ် Table Tennis World မဂ္ဂဇင်းမှ မဲပေးရွေးချယ်လိုက်သည်။

၂၀၀၈ ခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးပြီးနောက်ပိုင်း လက်ရည် ကျဆင်းနေခဲ့သော်လည်း မာလင်းသည် မော်စကို၌ ကျင်းပသော ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် တရုတ်က တောင်ကိုရီးယားကို ၃-၁ ဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သူသည် အသင်းလိုက် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် ငါးကြိမ်ဆက် ဗိုလ်လုပွဲတက်နိုင်ခဲ့သည့် စံချိန်ကို ရရှိထားသည်။

အသက် (၃၀) အရွယ်ရှိသော မာလင်းသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း အိမ်ထောင်ရေး ပြဿနာများကြောင့် လက်ရည်ကျနေခဲ့ရသော်လည်း အသင်းလိုက် ရှုံးထွက်ပွဲစဉ်များတွင် နိုင်ပွဲများရယူပြီး တရုတ်နိုင်ငံကို မော်စကိုကမ္ဘာ့ချန်ပီယံပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ ရောက်အောင် စွမ်းဆောင်ပေးခဲ့သည်။

အတိုးတက်ဆုံးအသင်း

အဆိုပါ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ဗိုလ်လုပွဲတွင် တရုတ်နည်းပြဟောင်း ကျိုးရှုစန်၏ ဦးဆောင်မှုဖြင့် တရုတ်ကို အနိုင်ယူခဲ့သော စင်ကာပူ အမျိုးသမီးအသင်းအား တစ်နှစ်တာ အတိုးတက်ဆုံးအသင်းအဖြစ် Table Tennis World မဂ္ဂဇင်းက သတ်မှတ်ခဲ့သည်။

ဆင်ဟွာ။

တစ်နှစ်တာ အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံရသည့် တရုတ်တင်းနစ်သမား မာလင်း၏ ကစားဟန်။

စိုးတင့်နိုင်

ယခုနှစ် ဘောလုံးရာသီတွင် ၂၅ ဂိုးသွင်းယူရန် ဘာဘာတော့ဗ် ရည်မှန်း

မန်ချက်စတာ ဒီဇင်ဘာ ၂၈

မန်ယူတိုက်စစ်မှူးဖြစ်သည့် ဘူလ်ဂေးရီးယားနိုင်ငံသား ဘာဘာတော့ဗ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်၌ မန်ယူအတွက် ၂၅ ဂိုးသွင်းပေးနိုင်ရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

လက်ရှိပရီမီယာလိဂ် ပွဲစဉ်(၁၉)အပြီးတွင် မန်ယူအသင်းသည် နှစ်ပွဲလျော့ ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေချိန်၌ ဘာဘာတော့ဗ်မှာ ၁၃ ဂိုးသွင်းပြီး အများဆုံးဂိုးသွင်းသူအဖြစ်ဦးဆောင်နေသည်။ ၎င်းနောက်တွင် မန်စီးတီးမှ တီဗက်ဇ်က ၁၂ ဂိုး၊ နယူးကာဆယ်မှ အင်ဒရူးကာရိုးက ၁၁ ဂိုးတို့ အသီးသီးသွင်းယူထားကြသည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဟော့ပေါ့စားသောက်ဆိုင်တွင် စက်ရုပ်များက ဝန်ဆောင်မှုပေးလျက်ရှိသည်ကို တွေ့ရစဉ်။

တရုတ်နိုင်ငံတွင် ပထမဦးဆုံးစက်ရုပ်စားသောက်ဆိုင် ဖွင့်လှစ်

ဘာသာပြန် - ကြယ်စင်သာ

ပေကျင်း ဒီဇင်ဘာ ၂၈

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်တုံးပြည်နယ် ကျိနန်မြို့တွင် မကြာသေးမီက ဟော့ပေါ့စားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ခဲ့ပြီး ယင်းစားသောက်ဆိုင်တွင် စက်ရုပ်တစ်ဒါဇင်ကျော်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဝန်ဆောင်မှုပေး

ယင်းစားသောက်ဆိုင်တွင် စားသောက်ဖွယ်ရာများ သယ်ဆောင်ဖြည့်ဆည်းပေးသော စားပွဲထိုးစက်ရုပ်များနှင့် အမျိုးသမီးကချေသည် စက်ရုပ်များက စားသုံးသူစားပွဲများအကြား သွားလာလှုပ်ရှားရင်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

စက်ရုပ်များကို ရှန်တုံးဒူလာသိပ္ပံနှင့် နည်းပညာကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး စက်ရုပ်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ ကုန်ကျသည်။ စက်ရုပ်မှာ အရာဝတ္ထု(သို့မဟုတ်)တစ်စုံတစ်ဦးက ၎င်း၏ရှေ့၌ ရှိနေပါက အလို

စာမျက်နှာ ၆ ကော်လံ ၃ သို့☆

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဇင်လင်းထွန်း (ဓနုဖြူ)

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရန်ပုံငွေအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို T&T Group က ဦးစိုးသန်းဝင်းက စီစဉ်၍ ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(T&T)နှင့် ရန်နိုင်အောင် (တောင်ကလေး)၊ ဝင်းထွန်း(လယ်/ဆည်)နှင့် ရွှေမင်းရာဇာ(တောင်ကလေး)တို့၏ အဓိကစိန်ခေါ်ပွဲကြီးများနှင့်အတူ ပွဲစဉ်ပေါင်း ရှစ်ပွဲ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုစိန်ခေါ်ပွဲကြီးတွင် တွေ့မရှောင်ကို စိန်ခေါ်သူ ရန်နိုင်အောင် (တောင်ကလေး)က ရှုံးကြေးဆပ်မည့်ပွဲလည်း ဖြစ်သည်။ နိုဝင်ဘာ ၂၁ ရက်က တွေ့မရှောင်နှင့် ရန်နိုင်အောင်တို့ ပထမဆုံးအကြိမ်အဖြစ် မွန်ပြည်နယ်တွင် ယှဉ်ပြိုင်ထိုးသတ်စဉ် တွေ့မရှောင်က စတုတ္ထအချီတွင် ရန်နိုင်အောင်ကို အလဲထိုးအနိုင်ယူထားသည်။

လေးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်/ဆည်)နှင့်

စာမျက်နှာ ၁၀ ကော်လံ ၆ သို့◆

အလဲထိုးချန်ပီယံ တွေ့မရှောင်။

ရှုံးကြေးဆပ်မည့် ရန်နိုင်အောင်။

၂၀၁၁ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

ညအပူချိန်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် သိသိသာသာလျော့ကာ ကျန်ပြည်နယ်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့❖